စိတ်ကူးချိုချိုအဖုပညာ

# ကမ္ဘာကြီး
# ပျက်စီးလုနီးပြီလော

**ဂျာနယ်ကျော်ဦးချစ်မောင်**
(ရွှေလင်းယုန်)

တတိယအကြိမ်



mgybe.com

# ကမ္ဘာကြီး ပျက်စီးလုနီးပြီလော

ဂျာနယ်ကျော်ဦးချစ်မောင်
(ရွှေလင်းယုန်)

MML0012
2,700.00 KS

mgyoe.com

ကမ္ဘာကြီးပျက်စီးလုနီးပြီလောဂျာနယ်ကျော်ဦးချစ်မောင်(ရွှေလင်းယုန်)
အပြင်အဆင်-အမ်အက်စ်အို၊ စာမျက်နှာ ၂၆၉ မျက်နှာ၊ ၁၂·၈ စင်တီ× ၁၈·၅ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၅၊ ဒီဇင်ဘာလ၊ တတိယအကြိမ်၊ ၂၀၀၁ ရတနာပုံစာအုပ်တိုက်၏ဒုတိယအကြိမ်မှ၊ အုပ်ရေ ၅၀၀၊

ရောင်းဈေး ၂၇၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

■■■■■■■■■■

# ကမ္ဘာကြီးပျက်စီးလုနီးပြီလော
## ဂျာနယ်ကျော်ဦးချစ်မောင်
## (ရွှေလင်းယုန်)

တတိယအကြိမ်၊ ၂၀၁၅

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# မာတိကာ


– နိဒါန်း ဃ

– စကားချီး ဂ

ကမ္ဘာကြီး ပျက်စီးလုနီးပြီသော

အခန်း (၁)

စစ်ရေးတပြင်ပြင် စစ်အင်တပြုပြု ဤကာလ ၃

(က) နိုင်ငံရေး သုခမိန်များ၏အဆို ၅

(ခ) ခေတ်ကာလ ယဉ်ကျေးခြင်း ၁၀

(ဂ) အားလျော့နေသောခေတ် ၁၅

အခန်း (၂)

ဤကမ္ဘာ၏ အရှေ့တိုင်းပြဿနာ ၂၀

(က) နိုင်ငံရေး သုခမိန်များ၏အဆို ၂၂

(ခ) ဂျပန့်လောဘ ၂၆

အခန်း (၃)

ဂျပန်၏ ကြောက်မက်ဖွယ်ရာကောင်းလှသောခြေလှမ်း ၃၆

(က) ဂျပန်၏ နှစ်ခုတည်းသော အခက်အခဲ ၄၂


mgyoe.com

mgyoe.com

(ခ) ငုပ်နေသော တရုတ်ပြည်ကြီး ၄၄
(ဂ) ဂျပန်နှင့် တရုတ် ၄၉
(ဃ) အိန္ဒိယပြည်၏ သဘောထား ၅၄
(င) တိဘက်ပြည်ကတစ်မှောင့် ၅၈
(စ) ထိုင်းလည်း တလှုပ်လှုပ် တရွရွ ၆၄
(ဆ) ဩစတြေးလျကျွန်းကြီးနှင့် အခြားကျွန်းများ ၆၈
(ဇ) နေ့လော...ညလော ၇၃
(ဈ) မြေပုံဟောင်းကို လိပ်ရန်အချိန် ၈၁
(ည) သို့ဖြစ်လျှင်... ၈၇

အခန်း(၄)

ထိုခြေလှမ်းကို မည်သူတားမည်နည်း ၉၄

အခန်း(၅)

ဂျပန့် လက်ညှိုး ၁၀၃
(က) ရန်သူဖြစ်ခဲ့ပြီ ၁၀၉
(ခ) မလွှဲမရှောင်သာပြီ ၁၁၂
(ဂ) အင်္ဂလိပ်တို့၏ အကာအကွယ်
ညံ့ဖျင်းသော နေရာဒေသများ ၁၁၅
(ဃ) အင်္ဂလိပ်နှင့် ဂျပန် မည်သို့တိုက်မည်နည်း ၁၂၁
(င) ရုရှားက အသို့နည်း ၁၂၆
(စ) ဟော်လန်နှင့် ပြင်သစ်ပြည်၏ အရေးကြီးခြင်း ၁၃၈
(ဆ) တရုတ်–ဂျပန် ၁၄၃

mgyoe.com

_mgyoe.com

အခန်း(၆)


အရှုံး အနိုင် ၁၅၁
(က) အင်္ဂလိပ်တို့ နိုင်ခဲ့လျှင်... ၁၅၄
(ခ) ဂျပန်တို့က အရေးသာလျှင်ကား... ၁၅၇


အခန်း(၇)


မြန်မာပြည် လွတ်လပ်ပါမည်လော... ၁၅၉
– ကျွန်ုပ်တို့ လေးနက်စွာ စဉ်းစားဖွယ်ရာအချက်များ ၁၇၄
– ဘုရင်ခံ၏ အတိုင်ပင်ခံအရာရှိကြီး၏
ပြန်ကြားပြောဆိုချက် ၁၇၆
– အဆိုရုပ်သိမ်းသွင်းခွင့်မရခြင်း ၁၇၇


ဤကမ္ဘာ၏ အလယ်ပိုင်းပြဿနာ


ပါလက်စတိုင်းပြည်တည်းဟူသော သမီးကညာ ၁၈၁
(က) ရဟူဒီတို့၏ ပြည်ဝင်ခန်း ၁၈၃
(ခ) အာရပ်တို့၏ နိုးကြားခြင်း ၁၉၁
(ဂ) အကြောင်းမတန် ရှုပ်ထွေးနေသောပြည် ၁၉၅
(ဃ) သုခမိန်များ နိမိတ်ဖတ်ကြားချက် ၁၉၈


ဥရောပယာမ်းတိုက်ကြီး

အခန်း(၁)


ဥရောပ ယမ်းအိုးယမ်းတိုက်ကြီး ၂၀၅
(က) အရှုံးထ၍နေသော ဥရောပ ၂၀၇


mgyoe.com

mgyoe.com

(ခ) စစ်ကြီးပြီးစ ဥရောပနှင့် ယခု ဥရောပ ၂၁၃

အခန်း(၂)
အချိန်ဝေးပါသေးသည်ဟု ဆိုနိုင်ပါမည်လော ၂၂၂

အခန်း(၃)
ငြိမ်းချမ်းရေး...ငြိမ်းချမ်းရေး...ငြိမ်းချမ်းရေး...
အဘယ်မှာနည်း ၂၂၈

အခန်း(၄)
နိုင်ငံပေါင်းချုပ်အသင်းကြီး ၂၃၇
(က) အချည်းနှီး ဖြစ်ခဲ့လေပြီ ၂၃၈
(ခ) လက်နက်လျှော့ပေါ့ရေး ၂၄၄

အခန်း(၅)
ချောက်ကမ်းပါးဆီသို့ လိမ့်နေသည့် ကမ္ဘာကြီး ၂၅၀
(က) ယခုအခါသာ ၂၅၂
(ခ) လာမည့်စစ်ကြီး၏ ဘေးအန္တရာယ်များ ၂၅၆

– ၁၉၃၈ ခု နောက်ဆက်တွဲ ၂၅၉
– အကိုးအကား စာတမ်းများစာရင်း ၂၆၆

❖

mgyoe.com

mgyoe.com

# နိဒါန်း

(ကမ္ဘာကြီး ပျက်စီးလုနီးပြီလော)ဟူသော ဤစာတမ်းကြီးကို ဦးစံသိန်း၏ တောင်းပန်ချက်အရ၊ ၎င်း၏ ဈေးနှုန်းသတင်းစာတွင် ၁၉၃၅ ခုနှစ်၊ ဧပြီလ ၂ ရက်နေ့မှ ထိုနှစ် မေလ ၁၈ ရက်နေ့အထိ မူလက ရေးသားရခြင်း၌ လူတကာတို့ မအိပ်နိုင် မစားနိုင်အောင် နှိပ်စက်ကလူ ပြုမူညှဉ်းပန်းလို၍မဟုတ်၊ ရေးသားရာတွင်လည်း မိမိ၏ စိတ်အထင်ဖြင့်သာမဟုတ်ဘဲ ကေန်ဒိဋ္ဌ ဖြစ်လျက်ရှိသည့် ကမ္ဘာ့အခြေအနေကို သေချာစွာ စူးစမ်းဆင်ခြင် နှိုင်းစာပြီးမှ သတိပေးသောအနေဖြင့် ရေးသားခဲ့ခြင်းဖြစ်လေသည်။

ထို့နောက် ထိုစာတမ်းနှင့် စပ်လျဉ်း၍ မေ့မေ့လျော့လျော့ ဖြစ်နေရာ ယခုတစ်ကြိမ် တရုတ်–ဂျပန် စစ်ဖြစ်ပြန်၍ ကာလအတန်ကြာသည့်အခါ သူ့ဇာတိုက်ရှင် ကိုအုံးမြင့်၊ နဂါးနီ ကိုနု၊ မြန်မာ့သိပ္ပံ ဆရာစိန် အစရှိသော မိတ်ဆွေတို့က စာအုပ်အဖြစ်ဖြင့် ရိုက်နှိပ်ထုတ်ဝေရန် အတန်တန် တောင်းပန်ကြသည်နှင့် ဈေးနှုန်း သတင်းစာတိုက်ရှင် ဦးစံသိန်း၏ ခွင့်ပြုချက်အရ စာတစ်အုပ်အဖြစ် ရိုက်နှိပ်ထုတ်ဝေရခြင်း ဖြစ်ပေသည်။

mgyoe.com

mgyoe.com

ယင်းသို့ စာအုပ်အဖြစ် ရိုက်နှိပ်ရာတွင် ၁၉၃၅ ခုနှစ်၊ မူလရေးသားသည့်အချိန်မှ ၁၉၃၈ ခုနှစ်၊ စက်တင်ပုံနှိပ်သည့် အချိန်အထိ ထပ်မံဖြစ်ပွားပေါ်ပေါက်လာသော အရေးအရာတို့ကို မှတ်ချက်များအဖြစ်ဖြင့် ဖြည့်စွက်ရန် တာဝန်ရှိလာရာ ကျွန်ုပ်မှာ နေ့စဉ်သတင်းစာ အလုပ်တစ်ဖက်နှင့် မအားလပ်နိုင်အောင် ရှိခဲ့သည့်အတွက် ထိုတာဝန်ကို ကျွန်ုပ်၏ ဇနီးဖြစ်သူက မျှ၍ ဆောင်ရွက်ပေးခဲ့ပေသည်။

မြန်မာ့အလင်းသတင်းစာတိုက် တိုက်အုပ် ဦးတင်နှင့်တကွ နဂါးနီ ကိုနု၊ ကိုသန်းထွန်းတို့ကလည်း အထောက်အထား ကိုးကားဖွယ်ရာ စာအုပ်စာတမ်းများ၊ မြေပုံများကို ကျွန်ုပ်အား ရှာဖွေချီးမြှင့်ခြင်း အမှု ပြုခဲ့ကြပေသည်။

အချုပ်ကိုဆိုသော် ကျွန်ုပ်၏ မူလစာတမ်းကြီး ဤစာအုပ်အသွင်ဖြင့် ထွက်ပေါ်လာခြင်းသည် အထက်ဖော်ပြရာပါ ပုဂ္ဂိုလ်တို့၏ အထောက်အပံ့ဖြင့်သာ ဖြစ်သောကြောင့် ထိုပုဂ္ဂိုလ်တို့အား များစွာ ကျေးဇူးဥပကာရ တင်ရှိလှပါကြောင်း။

ချစ်မောင်

၁၉၃၈ ခု၊ မတ်လ။ မြန်မာ့အလင်းအယ်ဒီတာ

❖

mgyoe.com

mgyoe.com



## စကားချီး

ယခုခေတ်အတွင်း၌ မှီတင်းနေထိုင်ကြကုန်သော ရဟန်း ရှင် လူ အပေါင်းတို့၏စိတ်တွင် စစ်ကြီးဖြစ်မည်၊ မဖြစ်မည်ကို ဝေခွဲ၍ မရနိုင်အောင် ရှိခဲ့ချေ၏။

စစ်ဖြစ်မည်ဟု စိတ်တွင် စွဲမြဲစွာ မှတ်ယူထားခြင်းကြောင့် လည်းကောင်း၊ စစ်ဖြစ်မဖြစ်ကို ဝေခွဲ၍ မရနိုင်ခြင်းကြောင့် လည်းကောင်း ဤလောကအတွင်း၌ မှီတင်းနေထိုင်ကြရကုန်သော ရဟန်း ရှင် လူတို့မှာ ပူပန်သောက မအေးရဘဲ ရှိနေလေပြီ။

လူတိုင်း လူတိုင်း၏စိတ်၌ ဤခေတ် ဤအခါတွင် ဤ ကမ္ဘာသည် အလွန့်အလွန် အရေးကြီးသော အခြေအနေတစ်ခုအနီးသို့ ချဉ်းကပ်လျက် ရှိနေပြီဟု ရိပ်မိသိရှိကြ၏။ စိတ်တွင် ဖျောက်ဖျက်၍ မရ ဖြစ်နေကြ၏။

အရေးကြီးသော အခြေအနေဆိုသည်မှာလည်း စစ်တိုက်ခြင်း၊ မတိုက်ခြင်းကို တစ်ခါတည်း ဆုံးဖြတ်ချက် ချမှတ်ထားရတော့မည့် အခြေအနေပင်ဖြစ်ရာ ဤဆုံးဖြတ်ချက် တစ်ခုခုကိုလိုက်လျက် လူတို့ သည် သေဘေးအတွက် ပြင်ခြင်း၊ သို့တည်းမဟုတ် အေးချမ်းစွာ နေရေးအတွက် ပြင်ခြင်းတို့ကို ပြုရတော့မည်ကဲ့သို့ ရှိနေ၏။

mgyoe.com

mgyoe.com
(ဃ)

ကျွန်ုပ်တို့သည် စစ်ဖြစ်၊ မဖြစ်ဟူသော ဤပြဿနာကို မဖြေနိုင်ဘဲ တကြောင့်ကြကြ၊ တစိုးရိမ်ရိမ် ဖြစ်နေခဲ့ကြသော်လည်း အဖြေကို ရရှိမည်ဖြစ်သော အချိန်သည် တစ်လထက်တစ်လ၊ တစ်နေ့ထက်တစ်နေ့၊ တစ်နာရီထက်တစ်နာရီ ပိုမိုနီးကပ်၍ လာခဲ့ပြီကိုမူကား ရိပ်မိသိရှိကြသည်ချည်းပင် ဖြစ်ကြ၏။

ဤကမ္ဘာလောကကြီးသည် စစ်မက်တည်းဟူသော ညွှန်တွင်း၌ အလျှဉ်မပြတ် မချိမဆံ့ လူးလိမ့်နေခဲ့ရသည် မှန်လျက် ရှေ့အဖို့ကာလ၌ စစ်မက်ဖြစ်ပွားရန်ကိုသာ ပြင်ဆင်၍ နေကြချေ၏။

တစ်ပြည်နှင့်တစ်ပြည် ခိုက်ရန်ဒေါသဖြစ်ပွားကြရာ၌ စစ်မက်တိုက်ခိုက်ခြင်းဖြင့် ဆုံးဖြတ်ခဲ့သည့် အခြင်းအရာတို့ကို လွန်စွာ ရှုံရှာစက်ဆုပ်ကြပြီဖြစ်လျက်နှင့်လည်း ယခုအခါ လက်နက်အင်အားတို့ကို အပြိုင်အဆိုင် တပ်ဆင်ခြင်းဖြင့် စစ်ရေးတပြင်ပြင် ရှိနေကြပြန်ခဲ့ချေပြီ။

ဤကမ္ဘာကြီးသည် ငြိမ်းချမ်းခြင်းကို လိုလားလှပါသည်ဟု အခါခါ အတန်တန် ကြိမ်ဖန်များစွာ ပြောဆိုလာခဲ့လျက်နှင့်လည်း ဤငြိမ်းချမ်းခြင်း၏ ဆိတ်ငြိမ်သာယာသော စခန်းသို့ ရောက်ဖို့ဝေးစွ၊ လမ်းစကိုပင် မမြင်မစမ်း အကန်းသဖွယ်ဖြစ်လျက်ရှိလေရာ ဤအခါကား ကမ္ဘာအတွက် အလွန်ကြောက်မက်ဖွယ်ရာ ဖြစ်နေလေတော့သတည်း။

mgyoe.com

mgyoe.com

# ကမ္ဘာကြီး ပျက်စီးလုနီးပြီလော

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# အခန်း (၁)

## စစ်ရေးတပြင်ပြင် စစ်အင်တပြုပြု ဤကာလ

သားကောင်ကိုမြင်သော ကျားသည် သား
ကောင်ကို မဝါးမျိုသေးဘဲ လှည့်လည်ကာ ကခုန်
မြူးထူးခြင်း ပြုဘိသကဲ့သို့ ဤကမ္ဘာကြီးတစ်ခု
လုံးပင် မိမိတစ်ဦးတည်းပိုင် သုသာန်တစ်စပြင်
ကြီးဖြစ်မည့် အခြင်းအရာကို မြင်သော သေမင်း
သည်လည်း၊ မြူးထူးရွှင်ပျော် သီချင်းတကြော်ကြော်
နှင့် ရှိနေပြီဖြစ်ရာ...

ဘာသာတရားတို့သည် လူတို့၏စိတ်ကို ထိန်းသိမ်းရန် ဤ လောက၌ အရာဋ္ဌာနကိုလိုက်ကာ တည်တံ့နေရ၏။ ဘာသာတရားသာမရှိက လူတို့သည် အလွန်ရိုင်းစိုင်း ညစ်ညမ်းဆိုးသွမ်း ယုတ်မာလှစွာသော အပြုအမူတို့ကို ပြုကြမည်သာ ဖြစ်၏။ ဗုဒ္ဓဘာသာတရားသည် ဤကမ္ဘာလောက၌ ဂေါတမ မြတ်စွာဘုရား ထင်ရှားပွင့်တော်မူသည်ကစ၍ ပြန်လည် ပြန့်ပွားလာခဲ့ပြီးလျှင် ယေရှုခရစ်၏

mgyoe.com

mgyoe.com


ခရစ်ယာန် သာသနာ၊ မဟာမက်၏ မဟာမေဒင် သာသနာတို့သည်လည်း ထိုနည်းနှင်နှင် နေရာနှင့် နေရာတွင် ပေါ်လွင်ထင်ရှား ထွန်းကား၍နေကြပြီ ဖြစ်၏။

ဤကဲ့သို့ ဘာသာတရားတို့၏ အမြိုက်အရသာကို နှစ်ပေါင်းများစွာ ခံစားသုံးဆောင်လာခဲ့ရသည်ဖြစ်လျက်နှင့်လည်း ဤခေတ် ဤအခါ ဤကမ္ဘာကား ရှေးအခါ ရှေးကာလတို့မှာထက်ပင် ပိုမို၍ လောဘ၊ ဒေါသ၊ မောဟ ထူပြွမ်း၊ လူသရမ်းတို့ ဆိုးသွမ်းရာ စားကျက်ကြီးသဖွယ် ဖြစ်သည်မှာလည်း စိုးလန့်ဖွယ်ပင် ဖြစ်လေတော့၏။

■

mgyoe.com

mgyoe.com

## (က) နိုင်ငံရေး သုခမိန်များ၏အဆို

ယင်းကဲ့သို့ ဘာသာတရားများသည် ကာလရှည်ကြာစွာပင် လူတို့၏စိတ်ကို ထိန်းသိမ်းလာလျက်နှင့် ဤကမ္ဘာ ဤလောကဋ္ဌ ကြမ်းကြုတ်ရက်စက်ခြင်း၊ လောဘရမ္မက်ကြီးခြင်း၊ တစ်ဦးကိုတစ်ဦး မညှာမတာ ပုတ်ခတ်သတ်ဖြတ်ခြင်း စသည်တို့ ထူပြောခြင်းမလှ ထူပြောနေသည့်အတွက် ထိုပြဿနာကြီးကို ပြေလည်အောင် ဖြေရှင်းခြင်းအလို့ငှာ စာရေးဆရာတို့သည် လည်းကောင်း၊ တရားဟော ဆရာ၊ နိုင်ငံရေးသမားတို့သည် လည်းကောင်း ရေးခဲ့၊ သားခဲ့၊ ပြောခဲ့၊ ဟောခဲ့ကြလှလေပြီ ဖြစ်သည်။

လွန်ခဲ့သည့် နှစ်အနည်းငယ် အတွင်းမှစ၍ ယနေ့သို့ တိုင်အောင် ဤကမ္ဘာကြီးကို ခြယ်လှယ်ဖန်သ စိုးမိုးနေကြသော မင်းစိုးရာဇာ တဖြာပဏ္ဍိတ် ပုရောဟိတ် သုခမိန်တို့က ဤခေတ်၊ ဤအချိန်နှင့် စပ်လျဉ်းပြီးလျှင် တရားမဲ့သောခေတ်၊ ရှုးသွပ်သောခေတ်၊ ကလိမ်ချုံတမျှ ရှုပ်ပွေသောခေတ်၊ ပျက်တော့မည့်ဆဲဆဲ ဖြစ်သော ခေတ်၊ အရည်ပျော်ဆဲ ပျော်လတ္တံ့သောခေတ်၊ မီးခိုးမီးလျှံများ တလူလူထွက်၍ ပျက်ခြင်းမလှ ပျက်ရတော့မည့်ခေတ် စသည်ဖြင့်

mgyoe.com

mgyoe.com


ခေတ်၏ အခြေအနေတို့ကို ကျွန်ုပ်တို့ သိရှိစေရန် အတန်တန် ဖော်ပြပြောဆိုခြင်း ပြုကြလေပြီ။

အမေရိကန်ပြည် သမ္မတဟောင်း ဟားဘတ်ဟူးဗားက ဤကမ္ဘာကြီးတစ်ခုလုံးသည် မည်သည့်ခေတ် မည်သည့်အခါကာလမှ မကြုံဖူး၊ မကြားဖူးသော ဘေးအန္တရာယ်ကြီးနှင့် ရင်ဆိုင်တွေ့နေရချေပြီ။ ဤဘေးအန္တရာယ်ကြီးကိုလည်း မည်သူမျှ တွန်းလှန်ဖြိုဖျက်နိုင်မည် မဟုတ်ချေတကားဟူ၍ ဖွင့်ဟပြောဆိုခြင်း ပြုခဲ့လေပြီ။

သမ္မတဟောင်းမှာ သတ္တိနည်း၍ ထိုကဲ့သို့ ဆိုသည်ဟု တွေးထင်ရမည်ကလည်း သမ္မတဟောင်း၏ပြောဆိုချက်ကို ထက်မြက်ပေ့ဆိုသော ဉာဏ်ကြီးရှင် အမျိုးမျိုးတို့က တိုး၍ပင် ထောက်ခံနေခဲ့ကြပြန်သောကြောင့် သမ္မတဟောင်းသည် ကြောက်ရွံ့တုန်လှုပ်ရာ၌ တစ်ဦးတည်းမဟုတ်ကြောင်း ပိုမို သိလွယ်ပေသည်။

ကမ္ဘာကျော် သတင်းစာဆရာကြီး ဟယ်ရိုဝိုင်းယက်က ကျွန်ုပ်တို့၏ အနာဂတ်ကား အမိုက်မှောင်ကြီးအတိ ဖြစ်ချေပြီတကားဟု ညည်းတွားကာ သက်ပြင်းကြီးချခဲ့၏။

အလိုလိုမှ ကြောက်စိတ်နှင့် ယိမ်းယိုင်ချည့်နဲ့နေပြီဖြစ်သော ကျွန်ုပ်တို့ ကမ္ဘာကြီးသည် လွန်စွာ ဆိုးဝါးကြောက်မက်ဖွယ်ကောင်းသော အန္တရာယ်ဆိုးကြီးနှင့် တော့တော့ဆိုင်ဆိုင် မရှောင်သာမတိမ်းသာ တွေ့ဆုံနေရပြီဖြစ်သောကြောင့် သွေးရူးသွေးတန်းဖြစ်ကာ တုန်လှုပ်ချောက်ချား ပျက်ပြားဖွယ်ရာ ရှိချေတော့ကြောင်းနှင့် အင်္ဂလန်ပြည် စာရေးဆရာကြီး ဂျွန်အိုဇင်ဟန်ဆိုသူက ရေးသားရလေပြီ။

ဤကမ္ဘာလောကကြီး အစည်းမပြေစေရန် ရှေးက သေသပ်စွာ ရစ်ပတ်ထားခဲ့သော အနှောင်အဖွဲ့တို့သည် ယခုအခါ ပြတ်ခြင်းမလှ ပြတ်ကြကုန်လျက် ဤကမ္ဘာကြီး၏ မြေမျက်နှာပြင်ကို သုသာန်

mgyoe.com

mgyoe.com

သချိုင်း လုပ်တိုင်းကြီးတစ်ခုဖြစ်အောင် ရုန်းရင်းဆန်ခတ် တော်လှန်ကြလေပြီဟု အလွန်နာမည်ကျော်ကြားသော ဝတ်လုံတော်ရပြီး မစ္စတာ ဒေးဗစ်ဂျင်းဟီးဆိုသူက ထုတ်ဖော်ပြောဆိုခြင်း ပြုလေသည်။

ငင်း၏ ထုတ်ဖော်ပြောဆိုချက်ကို ထောက်ခံသောအားဖြင့် အယ်ဒီတာကြီး ဖရက်ဒရစ်ဟယ်ရီဆင်ကလည်း ဤအခါကာလကား ကမ္ဘာ့ရာဇဝင်တွင် မယှဉ်သာအောင် ရှုပ်ထွေးပွေလီ တစ်ဦးကိုတစ်ဦး မယုံကြည်ဘဲ ပျက်ရာပျက်ကြောင်း ကြံစည်ခြင်းဖြင့်သာ အချိန်ကို ကုန်စေသော အခါကာလဖြစ်ကြောင်းနှင့် ရေးသားလျက် ဆန်ဖရန်စစ္စကို ကရွန်နီကယ်ခေါ် သတင်းစာမှ အယ်ဒီတာကလည်း ယခုခေတ်၌ လူတို့၏စိတ်သည် အလွန် ရုန့်ရင်းကြမ်းတမ်းနေပြီ။ မိမိတို့အား ချုပ်တည်းထားအပ်သော အနှောင်အဖွဲ့တို့ကို မလွတ်လွတ်အောင် ဖြတ်လျက် ရုန်းကန်ထွက်ကြလေပြီ။ ငင်းတို့၏စိတ်၌ လက်စားချေရန်သာ အလိုရှိနေလေပြီ စသဖြင့် ထောက်ခံရေးသားခြင်း ပြုခဲ့လေသည်။

ကမ္ဘာကျော် မော်တော်ကားသူဌေးကြီး မစ္စတာ ဟင်နရီဖို့က ယခုခေတ်တွင် ကျွန်ုပ်တို့အပေါ်၌ လွှမ်းမိုး၍လာသော စိတ်ဓာတ်မှာ ကြောက်ရွံ့စိုးရိမ်ခြင်းမကင်းဘဲ အတင်း ရုန့်ရင်းကြမ်းတမ်းလိုသော စိတ်ဓာတ်ပင်ဖြစ်ကြောင်း၊ ယခု မိမိတို့ နေကြထိုင်ကြရသည့် အခြေအနေမျိုးကို မည်သည့်အခါကာလတွင်မှ မကြုံဖူး၊ မကြားဖူးကြောင်း၊ ယခု ချောက်ချား၍နေသော အခြင်းအရာမှာ နိုင်ငံရေးသတ်သတ်လည်း မဟုတ်၊ စီးပွားရေးသတ်သတ်လည်း မဆိုသာ၊ လူတို့၏ နဂိုစိတ်ရင်းမှာပင် ကြမ်းချင် တမ်းချင် စားချင် ဝါးချင် တိုက်ချင် ခိုက်ချင်သော စိတ်တို့ ဖိစီးလွှမ်းမိုးနေခြင်းကြောင့် ဖြစ်ရကြောင်း၊ လူတို့သည် ယခင် မိမိတို့ သိရှိပေါင်းသင်းခဲ့ရသော လူတို့မဟုတ်တော့ဘဲ

mgyoe.com

mgyoe.com


ပြောင်းလဲကုန်ကြပြီဖြစ်ရာ ထိုပြောင်းလဲခြင်းတွင် ၄လာဘ၊ ဒေါသ၊ မောဟတို့သည် ၎င်းတို့အားလုံးကို ဖမ်းစားကြချေပြီဖြစ်ကြောင်း၊ ဤကမ္ဘာကြီးမှာ ငန်းဖမ်းနေပြီဖြစ်ကြောင်း၊ သွေးလေချောက်ချားခြင်း၏ ရှေ့ပြေးနိမိတ်တို့သည် မဖုံးသာ မကွယ်သာအောင် ပေါ်ပေါက်လာပြီဖြစ်ရာ ရောဂါမှာ တစ်နေ့တခြား ဆိုးဝါးသည်ထက် ဆိုးဝါးလာခဲ့လေပြီဖြစ်ကြောင်း၊ ထို့ထက် ဆိုးဝါးသည်ကား ထိုရောဂါကို ပျောက်အောင် ကုသနိုင်သော ဆေးသမားများ မရှိခြင်းပင်ဖြစ်ကြောင်းနှင့် ရေးသားဖော်ပြခြင်း ပြုထားချေပြီ။

အင်္ဂလန်ပြည်နှင့်တကွ ဗြိတိသျှ အင်ပါယာ နိုင်ငံကြီးတစ်ခုလုံးကို အကြိမ်ပေါင်းများစွာ ဘေးအန္တရာယ်တို့မှ ဆယ်တင်ခဲ့သူဖြစ်သော အင်္ဂလန်ပြည်မှ နိုင်ငံရေး သုခမိန်ကြီး မစ္စတာ လွိုက်ဂျော့သည် ဤကမ္ဘာကို သတိကြီးစွာ ပေးသူတို့အနက် တစ်ဦးအပါအဝင်ဖြစ်၏။ ယခုကဲ့သို့ ဘေးအန္တရာယ်အတိ ပြည့်နှက်နေသည့် အခါကာလတွင် မစ္စတာ လွိုက်ဂျော့ပြောသမျှ စကားတို့မှာ သတိပေးချက်မပါဘဲ မဖြစ်နိုင်အောင်ရှိရာ ဤကမ္ဘာ၏အကြောင်းကို ၎င်းကိုယ်တိုင် ထင်မြင်သည့် အချက်အလက်တို့ကို အောက်တွင် အမြွက်မျှဖော်ပြလိုက်ရပေသည်။

မစ္စတာ လွိုက်ဂျော့က ဤကမ္ဘာသည် အလွန်မောပန်းနွမ်းရိ မချိတင်ကဲ၊ အမွဲဗလချာ၊ ဆိုးဝါးစွာသော ကမ္ဘာဖြစ်၏။ ဤကမ္ဘာသည် အလွန်တုန်လှုပ် ချောက်ချားနေ၍ သွေးရူးသွေးတန်းနှင့်အရမ်းမဲ့ တစ်ရှိန်တည်း အစစ အရာရာကို ဖျက်ဆီးမည့် အခါကြီးနှင့်ကြိမ်ကြိုက်နေလေပြီ။

ဤခေတ်ကား လွန်စွာ ကြောက်မက်ဖွယ်ကောင်းသောခေတ်၊ လွန်စွာ စိတ်မချရသောခေတ်၊ လွန်စွာ အသက်ရှုကျပ်လှသောခေတ်၊

mgyoe.com

mgyoe.com


လွန်စွာ မောဟဖုံးလွှမ်းသောခေတ် ဖြစ်ချေသည်။ ယခုလက်ရှိ အခြေအနေသည် လွန်စွာ ဆိုးသွမ်းနေပြီဖြစ်ရာ မိမိတို့ပင် ယခုအခြေအနေမှ ဆယ်တင်ခြင်းငှာ မတတ်နိုင်တော့ပြီ။ ဤကမ္ဘာကား ဓာတ်ဆီပုံးများကို လူတိုင်းပင် ကိုယ်ပေါ်တွင်တင်ဆောင်ပြီးနောက် မီးပုံကြီးရှိရာသို့ အဆင်အခြင်မရှိ တစ်ဟုန်တည်း ပြေးလွှားနေကြသော ကမ္ဘာကြီးဖြစ်လေပြီ အစရှိသဖြင့် ကြိမ်ဖန်များစွာ ကမ္ဘာ၏ အခြေအနေကို ဖွင့်ဟပြောဆို ဝန်ခံရပြီတကား။

ထိုပြောဆိုချက်တို့သည် ကျွန်ုပ်တို့၌ ယူဆပြီးဖြစ်သောအချက်တို့ကို ပိုမိုခိုင်လုံစေရန် အသီးသီး ထောက်ခံနေကြလေပြီ။

ဤကမ္ဘာမှာ ယောင်မှားခြင်း၊ ရှုပ်ထွေးခြင်းတို့ အတိပြည့်လျက် နေ့ညမရွေး ဘေးဥပါဒ်ဆိုက်ကပ်မည့် ကမ္ဘာကြီးဖြစ်လျက် သားကောင်ကိုမြင်သော ကျားသည် သားကောင်ကို မဝါးမမျိုသေးဘဲ လှည့်လည်ကာ ကခုန်မြူးထူးခြင်း ပြုဘိသကဲ့သို့ ဤကမ္ဘာကြီးတစ်ခုလုံးပင် မိမိတစ်ဦးတည်းပိုင် သုသာန်တစ်စပြင်ကြီးဖြစ်မည့် အချင်းအရာကို မြင်သော သေမင်းသည်လည်း မြူးထူးရွှင်ပျော်သီချင်းတကြော်ကြော်နှင့် ရှိနေပြီဖြစ်ရာ ၎င်းသေမင်း၏ ငင်သံကို လေယာဉ်ပျံ၊ မီးသဘော်၊ မော်တော်ကားတို့ သွားသံ၊ လာသံများ၌ သော်လည်းကောင်း၊ ထိုထိုသော တိုင်းပြည်တို့မှ အာဏာရှင်များ၏ ကြွေးကြော်သံ၌သော်လည်းကောင်း၊ စစ်သားတို့သည် သေနတ်ကို ချိတုံချဲဟုံပြုကာ ဒရိမ်းပြရာ၌သော်လည်းကောင်း၊ ဘယ်ညာဟူ၍ ညီညာစွာ ချကြသော ခြေသံများ၌သော်လည်းကောင်း ကောင်းစွာ ကြားသိနိုင်ကြပြီ ဖြစ်ပေသတည်း။

■

mgyoe.com

mgyoe.com

## (ခ) ခေတ်ကာလ ယဉ်ကျေးခြင်း

ဤကဲ့သို့ လောဘမီး၊ ဒေါသမီး၊ မောဟမီးတို့ တညီးညီး တပြောင်ပြောင် တောက်လောင်လျက် သေမင်း၏ ငင်သံများသည် လည်း နေရာတကာ၌ပင် ကျယ်လောင်စူးရှစွာ ထိုးမြည်နေသည့် အတွင်း များလှစွာသောသူတို့က ဤကမ္ဘာကြီးသည် ရှေးကထက် တိုးတက် ယဉ်ကျေးလာပြီဟု ဆိုကြခြင်း၊ ဆိုနိုင်ကြခြင်းမှာ ကမ္ဘာ အံ့ချီးဖွယ်ရာတစ်ခု ဖြစ်နေလေတော့၏။

စင်စစ်သော်ကား ဤကမ္ဘာကြီး၏ ယဉ်ကျေးခြင်းသည် တစ်နေ့တခြား ရေနည်းငါးသို့ အင်အားယုတ်လျော့ အရှိန်အဝါ ဖျော့တော့သည်ထက် ဖျော့တော့လာခဲ့သည်သာ ဖြစ်၏။ ယခုကဲ့သို့ သော သွားလာပြုမူ ကျင့်ကြံနေထိုင်ကြမည်ဆိုက ဤခေတ်ကာလ ယဉ်ကျေးခြင်းတည်းဟူသော အရာဝတ္ထုကို မကြာမြင့်မီပင် ဖုတ် သင်္ဂြိုဟ် ရျာပန ပြာချရဖို့သာ ရှိတော့၏။

ခေတ်ကာလ ယဉ်ကျေးခြင်းအားဖြင့် မြှုပ်နှံခြင်းပြုရမည့် အချိန်သည် တစ်နေ့ထက်တစ်နေ့၊ တစ်နာရီထက် တစ်နာရီ ပိုမို

mgyoe.com

mgyoe.com


နီးကပ်လာပြီဖြစ်ကြောင်းကို ပညာရှိပုဂ္ဂိုလ်အချို့က အတိအလင်းပင် ထုတ်ဖော်ရေးသား ဖော်ပြခဲ့ကြများလေပြီ။

ကမ္ဘာ့လုပ်ငန်းခေါ် သတင်းစာတစ်စောင်တွင် ဆထရေ့သား ဆိုသူ ပုဂ္ဂိုလ်ကြီးက ယဉ်ကျေးခြင်းသည် ပျက်လုနီးပြီဖြစ်ကြောင်း နှင့် အကျယ်တဝင့် ရေးသားဖော်ပြလျက် ဖရန်စစ္စကိုကော ဂျာနယ် ကြီးမှ အယ်ဒီတာဆရာကြီးကလည်း ဤခေတ်ကာလ ယဉ်ကျေး သိမ်မွေ့ခြင်းဆိုသောအရာသည် မကြာခင် လဲပြိုပျက်စီးခြင်းသို့ ရောက်ချေတော့မည်ဟူ၍ လည်းကောင်း၊ ကမ္ဘာကျော် ရာဇဝင် ဆရာကြီး မစ္စတာအိပ်ဂျီဝဲဆိုသူကလည်း ယခု အကျွန်ုပ်တို့ ထိန်းသိမ်း စောင့်ရှောက်နေကြသော ယဉ်ကျေးခြင်းသည် ပျက်ပြိုစပြုပြီဖြစ်ရာ ဤပျက်ပြိုခြင်းတွင် လူတို့သည် ယောင်မှားတွေဝေလျက် ရှေးကထက် ရမ္မက်ဖုံးလွှမ်း စိတ်မာန်ကြမ်းပြီးလျှင် ပရမ်းပတာ ဖြစ်ကုန်ကြတော့ မည်ဟူ၍ လည်းကောင်း အသီးသီး ရေးသားဖော်ပြ ဝန်ခံကြရပြီ ဖြစ်၏။

ယခု ကျွန်ုပ်တို့ မှီတင်းနေထိုင်ရသော ခေတ်ကား၊ ဆန့်ကျင် သည့် ဝိသမဘာဂ လွန်စွာ ပေါ်များလှသောခေတ်၊ ပြဿနာ အရပ်ရပ် တို့ဖြင့် မပြတ်မလပ် ရှုပ်ထွေးပွေလီသောခေတ်၊ မိစ္ဆာအယူ အမျိုးမျိုး တို့ တန်ခိုးထွန်းတောက် အရာရောက်နေသောခေတ် ဖြစ်ခဲ့ချေပြီ။

ဤ စိုးရိမ်ခြင်း၊ ကြောင့်ကြခြင်း၊ ဝေခွဲမရခြင်း၊ တုန်လှုပ် ချောက်ချားခြင်း၊ ပြိုကျကြေမွခြင်းတို့နှင့် မကင်းနိုင်အောင် ရှုပ်ပွေ လျက်ရှိသော ဤကမ္ဘာကြီးမှာလည်း လကွယ်နေ့ဝယ် ညလယ် သန်းခေါင်၊ တိမ်တောင်ပိတ်ဆိုင်း၊ တောအုပ်မှိုင်း၌ အတိုင်းမသိ မည်းမှောင်ဘိ၍၊ မသိလမ်းစဉ်၊ မမြင်လမ်းစ၊ စမ်းမရသောသူကဲ့သို့

mgyoe.com

mgyoe.com

စမ်းတဝါးဝါးနှင့် လမ်းမှားမှ မလွတ်မြောက်နိုင်ဘဲ လမ်းလွဲ၍သာ တဝဲလည်လည် ဖြစ်ခဲ့ချေ၏။

ထို့ကြောင့် မဟုတ်လော။ အမေရိကန်ပြည်၌ အင်္ဂလိပ်သံ အမတ်ကြီးအဖြစ်ဖြင့် အမှုတော်ထမ်းခဲ့ဖူးသော ဆာအော့ကလင် လက်ဆိုသူက ဤမျှလောက် များပြားလှစွာသော ကမ္ဘာသူ၊ ကမ္ဘာသား ကိုယ်စီကိုယ်င၏ အနာဂတ်ရှေ့ရေးသည် မတွေးတော မကြံဆဝံ့ လောက်အောင် ကြောက်မက်စဖွယ်ဖြစ်လျက်နေချေပြီ။ ဤပစ္စုပ္ပန် ကာလမှသည် ရှေ့သို့ မျှော်မှန်း၍ ကြည့်လိုက်သည်ရှိသော် အလွန် ညိုမြည်းသော တိမ်တောင်တိမ်ခဲတို့ ပိတ်ဆို့နေသော ဝဠာပြင်နှင့် အသွင်အားဖြင့် တူမျှလျက် တစ်ချက်တစ်ချက်တွင် မိုးကြိုးစက် ကဲ့သို့ ဝင်းခနဲ၊ လက်ခနဲနှင့် တန်ခိုးအာဏာပြသည်မှာလည်း ကြောက် ရွံ့ပြီးသူကို နောက်တွန့်သည်ထက် တွန့်အောင် ဖန်တီးပေးနေသည် ထက် ဖန်တီးပေးနေသည်နှင့် တူတော့ကြောင်းနှင့် ပြောဆိုခြင်း ပြုခဲ့လေသည်။

ဤကမ္ဘာကြီး ပတ်ဝန်းကျင်၌ကား မျှော်လင့်ချက်ကင်းမဲ့ ခြင်းတည်းဟူသော အမှောင်ကြီးပိတ်ဖုံးလျက် ရှိချေ၏။ ဤကမ္ဘာ ကြီးမှာလည်း မငြိမ်မသက်၊ အမျက်မာန်ထွက်လျက်နေသည့် လှိုင်း တံပိုးများအကြား၌ ရပ်တည်ရာ အလျဉ်းမရဘဲ အဆီးအတားမရှိ မျောပါ၍ နေဘိ၏။ ထိုကဲ့သို့ မျောပါ၍သွားခြင်းဖြင့် ရှေးအတိတ် ကာလ ယဉ်ကျေးခြင်းတို့၏ ပျက်စီးကြေမွရာဒေသဖြစ်သော ကျောက် ဆောင် ကျောက်စောင်းတို့အနီးသို့ တဖြည်းဖြည်း ချဉ်းကပ်၍သာ လာခဲ့လေပြီ ဖြစ်၏။ ထိုကဲ့သို့ ချဉ်းကပ်နေမှန်းကို သိရှိလျက်နှင့်လည်း ဆယ်တင်ရန် ကြံ၍မရ၊ လက်လျှော့ကာသာ နေကြရတော့သည်ကဲ့သို့ ဖြစ်နေ၏။
mgyoe.com

mgyoe.com


ကမ္ဘာ့ရာဇဝင်တွင် မကြုံဖူး၊ မကြားဖူး အထူးပင် သွေးချင်းချင်း နီရဲစေခဲ့သော ဥရောပတိုက် ကမ္ဘာ့စစ်ကြီးဖြစ်၍ ၁၇• နှစ်အကြာတွင် ဤကမ္ဘာ၌ ငြိမ်းချမ်းသာယာခြင်း၏စခန်းသို့ ရောက်ဖို့ဝေးစွ၊ လမ်းစကိုပင် ရှာ၍မရဘဲ ဖြစ်နေချေ၏။ ကမ္ဘာတစ်ဝှမ်းလုံးတွင် မငြိမ်မသက် အုန်းအုန်းကျွက်ကျွက် ဆူပွက်နေကြကုန်၏။

ကမ္ဘာပေါ်ရှိ တိုင်းပြည်အသီးသီးတို့ကို စိုးမိုးအုပ်ချုပ်နေကြသူတို့မှာလည်း မှောင်ကြီးမည်းမည်းအတွင်း၌ တစမ်းတည်းစမ်းကာ လမ်းရှာမရ ဖြစ်နေကြကုန်၏။ အယူအဆ မညီမျှ၍ ကမ္ဘာကြီးတစ်ခုလုံး အသံဝင်မတတ် အချင်းချင်း ငြင်းခုံအော်ဟစ်နေသည့် အခါတွင် နိုင်ငံရေးခေါင်းဆောင်တို့၏ အသံကြောင်ကလေးများကို ထိုးဖောက်၍ မကြားနိုင်ကြရဘဲ ရှိနေလေပြီ။

ကမ္ဘာကြီးတစ်ခုလုံးပင် ဤမျှလောက် ကြောက်မက်ဖွယ်ကောင်းသော ဘေးအန္တရာယ်ကြီးနှင့် တွေ့ဆုံနေရသည်ဖြစ်လျက် ထိုဘေးရန်ကို တွန်းလှန်ဖြိုဖျက်ရန် ကြံရွယ်သူ တစ်ဦးတစ်ယောက်မျှ မပေါ်ပေါက်လာဘဲ ရှိခဲ့၏။ ဤအခါကား လောဘရမ္မက်ကြီးသူ၊ ကိုယ်ကျိုးသတ်သတ် ဆောင်ရွက်ကြီးပွားလိုသူ၊ သူဆင်းရဲတို့အား အမိုပြုလျက် အာဏာတန်ခိုး တိုးတက်လိုလားသူ၊ စိတ်ကပင် မပါသော်လည်း အသံကုန် ဟစ်အော်နိုင်သူ၊ တောမီးလောင်၍ တော

• ဤစာအုပ် ဤအခန်းကဏ္ဍကို ၁၉၃၅ ခုနှစ် ဧပြီလ ၃ ရက်နေ့က ရေးသားရာ ထိုအခါကမူ ကမ္ဘာစစ်ကြီးဖြစ်ပြီး၍ ၁၇ နှစ်ကြာသာ ရှိသေး၍ ဤစာအုပ်ထုတ်ဝေသည့် ၁၉၃၈ ခုနှစ်တွင် စစ်ဖြစ်ပြီး၍ ၁၉ နှစ်မျှ ကြာလေပြီ။ ယခုတိုင်လည်း ဤကမ္ဘာ၌ ငြိမ်းချမ်းသာယာခြင်း၏စခန်းသို့ ရောက်ဖို့ဝေးစွ၊ လမ်းစကိုပင် ရှာမရဘဲ ဖြစ်နေချေသေး၏။

mgyoe.com

mgyoe.com


ကြောင်ကဲ့သို့ လက်ခမောင်းခတ်လိုသူတို့အဖို့ အကျိုးရှိစေသည့် အခါကာလကြီး ဖြစ်နေခဲ့ချေပြီတကား။

ဆင်းရဲသူတို့မှာ လွန်စွာ ဆင်းရဲလျက် ချမ်းသာသည်ဆိုသူတို့မှာလည်း အရမ်းမဲ့ သုံးဖြုန်းကာ ထိုသို့ အရမ်းမဲ့ သုံးဖြုန်းနိုင်အောင်လည်း တရားသောနည်း၊ မတရားသောနည်း ဟူ၍ ခွဲခြားခြင်း မရှိဘဲ ငွေတည်းဟူသောဝတ္ထုကို ရမှုအတွက်သာ လုံးပန်းခြင်း လောဘ၊ ဒေါသ၊ မောဟ၊ ရာဂ စသော မီးတို့ တညီးညီး တထိန်ထိန် အရှိန်ပြင်းစွာ တောက်လောင်ခြင်းတို့သည် ဤကမ္ဘာ၌ မတားနိုင် မဆီးနိုင်အောင် ဖြစ်နေကြလေပြီ။

ဤကဲ့သို့ ဖြစ်နေခြင်းကြောင့် မနေနိုင် မထိုင်နိုင် မရှုနိုင်သော ပုဂ္ဂိုလ်တို့က လွတ်မြောက်ရာ လွတ်မြောက်ကြောင်း အေးချမ်းရာ အေးချမ်းကြောင်းတို့ကို သနားသော ကရုဏာဖြင့် ညွှန်ပြခြင်းပြုကြပါသော်လည်း လူတို့၏စိတ်မှာ ကာလကြာမြင့်စွာကပင်လျှင် ရုန့်ရင်းကြမ်းတမ်းလျက် အမှားအမှန် မဝေခွဲနိုင်တော့သော အခြေသို့ ရောက်နေခဲ့ပြီဖြစ်သောကြောင့် အချည်းနှီး ဖြစ်ရခြင်းကသာ များခဲ့ချေ၏။

■

mgyoe.com

mgyoe.com

## (၈) အားလျော့နေသောခေတ်

ဤကမ္ဘာကြီး၏ အခြေအနေကို စိစစ်ရာတွင် ကျွန်ုပ်တို့ ဖော်ပြခြင်း မပြုရသေးသော အခြားအရာတစ်ခု ရှိသေး၏။ ထိုအချင်းအရာမှာ ဤကမ္ဘာကြီးသည် စိတ်ပျက်လက်ပျက် ဖြစ်နေခြင်းတည်းဟူသော သဘောမှ မကင်းခြင်းပင် ဖြစ်လေသည်။

ခရစ်နှစ် ၁၉၁၄ ခုနှစ်က စစ်တည်းဟူသော တိမ်တောင်တိမ်ခဲတို့ ရုတ်တရက် ညိုမည်းဆိုင်းဆို့လျက် သေကျေပျက်စီးခြင်းတည်းဟူသော မိုးကို တဖြိုင်ဖြိုင် ရွာသွန်းချရုံမျှမက ၅၁ လ ကာလပတ်လုံး ဤကမ္ဘာလောကဓာတ်၌ အတောမသတ်ဘဲ စစ်မက်တို့၏ ကြုံးဝါးသံတို့ ခြိမ့်ခြိမ့်ညံမျှဖြစ်ခဲ့စဉ် ကမ္ဘာကြီးတစ်ခုလုံးပင် သိမ့်သိမ့်တုန်အောင် ချောက်ချားခဲ့ရချေ၏။

ထိုစစ်ကြီး ဖြစ်လိမ့်မည်ဟူ၍ ကြိုတင်ရိပ်မိ မသိရှိကြသည့်အတွက် စစ်ဖြစ်ပြီဟူ၍ ရုတ်တရက် ကြေညာလိုက်သောအခါ ကမ္ဘာတစ်ဝှမ်းလုံးပင် ပြင်းထန်စွာ တုန်လှုပ်ခဲ့၏။ တစ်ဖန် ထိုစစ်မှာ အနှစ်နှစ် အလလ မပြီးပြတ်နိုင်အောင် ရှိနေခဲ့သောကြောင့် လူတို့မှာ များစွာ ထိတ်လန့်ကြောက်ရွံ့ခြင်း ဖြစ်ကြရကုန်၏။

mgyoe.com

mgyoe.com


သို့သော် ၁၉၁၈ ခုနှစ်တွင် စစ်ပြေငြိမ်းစာချုပ်ကို ချုပ်ဆိုကြတော့အံ့ဟူ၍ ကြွေးကြော်ကြသည့်အခါ ဤပင်ပန်းနွမ်းရိနေပြီဖြစ်သော ကမ္ဘာအတွင်း၌ ကံကောင်းထောက်မ၍ ကျန်ရစ်သူ လူတစ်သင်းတို့မှာ ဤအခါကား ဆိုးဝါးသောစစ်ကြီး ပြီးဆုံးခြင်းသို့ ရောက်တော့မည့် အခါတည်းဟူ၍ စိတ်ဝယ် စွဲမှတ်ပြီးလျှင် ထိုအခါကာလတွင်မှ အသက်ဖြောင့်တန်းစွာ ရှူနိုင်ကြရှာတော့၏။

ထိုစစ်ပြေငြိမ်းစာချုပ် ချုပ်ဆိုရန် ညှိနှိုင်းတိုင်ပင်နေသည့်အခါ သို့တိုင်အောင်လည်း ကမ္ဘာစစ်ကြီးမှ အမြောက်သံများ၊ ဗုံးကြဲသဖြင့် ပြိုကွဲပျက်စီးသံများကို တစ်ရံမပြတ် နားနှင့်ဆတ်ဆတ်ကြားနေရသေးသည်ဖြစ်သောကြောင့် အသက်ကို ပြင်းပြင်းမျှ မရှူဝံ့အောင် ရှိကြရပြန်၏။

စစ်ပြေငြိမ်းခြင်းကို စောင့်စားနေရသည့် အခါအတွင်း ဤကမ္ဘာကြီးသည် အထက်ထက်က အလျဉ်းမသိဖူးသေးသော အသိဉာဏ်တစ်မျိုးကို ရရှိခဲ့လေ၏။ ကမ္ဘာစစ်ကြီးသည် ကမ္ဘာတစ်ခုလုံးအား တုန်လှုပ်ချောက်ချားစေဘိသကဲ့သို့ ထိုအသိဉာဏ်သည်လည်း ကမ္ဘာသူ၊ ကမ္ဘာသားတို့၏ အားထားမျှော်လင့်ခြင်းကို တစ်ခါတည်း ကွယ်ပပျောက်လွင့်စေအောင် တုန်လှုပ်ချောက်ချားခဲ့ချေ၏။

ဤကမ္ဘာကြီးသည် ရှေးကထက် အဆပေါင်းများစွာ တိုးတက်လာပြီဟု အများကပင် ယူဆပြောဆိုကြ၏။ သို့သော် ထိုစစ်ကြီး ဖြစ်ပွားလာသောအခါ ထိုယဉ်ကျေးသည်ဆိုသော အရာတို့သည် စစ်ပြေငြိမ်းအောင် မည်ကဲ့သို့ အထောက်အပံ့ ပေးကြလေသနည်း။

mgyoe.com

mgyoe.com


လူတို့၏စိတ်ကို သာယာညင်းပြောင်းစေသည်ဆိုသော ဂီတမှုသည် ကမ္ဘာနှင့်အဝှမ်း အနှံ့အပြား ထင်ရှားရှိလျက် အဘယ်မှာ ထိုစစ်ကြီးကို ငြိမ်းငြိမ်းစေခဲ့သနည်း။

လူအချင်းချင်း၏စိတ်ကို ရိုင်းပင်းချီးမြှောက်စေသည်ဆိုသော အတတ်ပညာတို့သည် စစ်ကြီးကို ငြိမ်းငြိမ်းအောင် မစွမ်းနိုင်ဘဲ ရှိခဲ့၏ တကား။

လူတို့၏ စိတ်နေစိတ်ထား၊ အသွားအလာ၊ အနေအထိုင်တို့ကို အဆင့်အတန်း တိုးမြှင့်ပေးလိုက်သည်ဟူ၍ ကမ္ဘာ၌ ဝင့်ဝါခဲ့သော လောကဓာတ်ပညာသည် အဘယ်မှာ စစ်ကြီးကို ငြိမ်းငြိမ်းစေခဲ့သနည်း။

လူတို့၏စိတ်ကို ပျော့ပျောင်း နူးညွတ်စေသည်ဆိုသော စာသင်ကျောင်းများ၊ ကမ္ဘာ့အဆီအနှစ်ဖြစ်သော ကျမ်းဂန်စာပေများသည် စစ်ကြီးဆုံးခန်းသို့ရောက်အောင် မစွမ်းဆောင်နိုင်တကား။

လူတို့အား တရားမဲ့ခြင်း မဖြစ်စေရန် အထိန်းအကျောင်းသဖွယ် တည်ရှိရသော ဤဘုရားရှိခိုးကျောင်း၊ ဤတန်ဆောင်း၊ ဤဗလိ၊ ဤမည်သော ဘာသာရပ်တို့သည် ကမ္ဘာအား စစ်ကြီးဘေးမှ လွတ်မြောက်အောင် ဆောင်ကြဉ်းနိုင်ခြင်း မရှိခဲ့ချေတကား။

ဤသို့အားဖြင့် ကမ္ဘာသူ၊ ကမ္ဘာသားတို့သည် ရှိပြီးဖြစ်သော ယုံကြည်ခြင်း တရားတို့ကို လက်လွှတ်လျက် မျှော်လင့်ခြင်းကင်းမဲ့ကာ အားလျော့ခြင်း၊ စိတ်ပျက်ခြင်းတို့သည် အလိုလို ဖြစ်ပေါ်လာကုန်၏။

ငြိမ်းချမ်းရေးစာချုပ်ကို ချုပ်ဆိုပြီးစီးလျှင် ဤကမ္ဘာကြီးတစ်ခုလုံး ငြိမ်းချမ်းခြင်းသို့ ရောက်ပေတော့အံ့ဟူ၍ မျှော်လင့်ခြင်းတို့သည် စာချုပ်ချုပ်ပြီး နှစ်အတော်ကြာကာလသို့ ရောက်သည့်

mgyoe.com

mgyoe.com


တိုင်အောင်လည်း အချည်းနှီးသာ ဖြစ်ခဲ့လေ၏။ ၁၉၂၀ ပြည့်နှစ်တွင် ကမ္ဘာလုံးဆိုင်ရာ နိုင်ငံပေါင်းချုပ်အသင်းကြီးကို ရှေ့အဖို့ စစ်မဖြစ်ရန် ရည်ရွယ်လျက် ဖွဲ့စည်းလိုက်သည့်တိုင်အောင်လည်း စိတ်ချရခြင်း မရှိသေးသည်မှာ ယခုနှစ်၊ ယခုလ၊ ယခုနေ့တိုင်အောင် ဖြစ်ခဲ့လေပြီ။

စစ်မက်တည်းဟူသော ကြမ္မာကောင်ကြီးအား ခေါင်းသွင်းလျက် သံမှိုမယ်နများဖြင့် ခိုင်မြဲစွာနှက်ကာ မြှုပ်နှံလိုက်ရန် လုပ်ငန်းမှာ လွယ်ကူလှသည် မဟုတ်ကြောင်းကို ကျွန်ုပ်တို့ သိရှိကြပြီ မဟုတ်လော။

လူတို့သည် လည်းကောင်း၊ နိုင်ငံပေါင်းချုပ်အသင်းကြီးသည် လည်းကောင်း စစ်ကို ထပ်မံဖြစ်ပွားအောင် တားမြစ်နိုင်သည်မဟုတ် သည့်အတွက် နဂိုက အသက်ပြင်းအောင်မှ မရှုံရှိုက်ဝံ့သော ဤကမ္ဘာမှာ သာ၍ပင် အကျပ်ကြုံတွေ့နေရလေတော့၏။ ရှေးကထက် ပို၍ စိတ်ပျက်လက်ပျက် အားအင်ကုန်ခန်းခြင်း ဖြစ်ရတော့၏။

ဥရောပတိုက်၏ မြေမျက်နှာပြင်သည် ကမ္ဘာစစ်ကြီးအတွင်းက ပစ်ဖောက်ခဲ့သော အမြောက်သံတို့သည် ယခုတိုင် တုန်လှုပ် မြည်ဟီးလျက် နေသေး၏။

ဤကမ္ဘာ၏ ငြိမ်းချမ်းမှုကို ဆောင်ရွက်ကြသူ လူတစ်စုမှာ လည်း မိမိတို့လုပ်ငန်းတွင် ရှေ့သို့ တစ်တောင်၊ တစ်ထွာမျှ တိုးတက် နိုင်ခြင်း မရှိကြသေးဘဲ ငြိမ်းချမ်းခြင်းဟူသော ရာဇပလ္လင်ပေါ်တွင် သေမင်းတည်းဟူသော မျောက်ယုတ်မာ ထိုင်နေသည်ကို တွေ့မြင် ရခြင်းကြောင့် တငေးငေး တမှိုင်မှိုင်နှင့် လုံးဝ လက်မှိုင်ချရတော့မည့် ပမာ ဖြစ်နေလေပြီ။

ဥရောပတိုက်တွင်လည်း ကမ္ဘာစစ်ကြီးဖြစ်၍ သုံးနှစ်မျှ မကြာ သေးမီကာလအတွင်း၊ အတွင်းစစ်ကလေးပေါင်း များစွာ ပေါ်ပေါက်

mgyoe.com

mgyoe.com


လာခဲ့လျက် ၁၇ နှစ် *မျှအကြာ ယခုအချိန်အခါတွင်မူကား မြောက်ဘက်ကမ်းခြေမှသည် တောင်ဘက်ကမ်းခြေ၊ အနောက်ဘက် ပင်လယ်ကမ်းရိုးတန်းမှသည် အရှေ့ဘက်တောင်တန်းကြီးအထိ တိုင်းပြည်အသီးသီးတို့၌ နိုင်ငံရေး ခေါင်းတိုင်များမှ စစ်မီးခိုးတို့ကို ကြောက်မက်ဖွယ်ရာ ပြင်းထန်စွာ မှုတ်ထုတ်လျက် ရှိနေသည်ကိုသာ တွေ့မြင်နေကြရတော့သတည်း။

■

* မူလရေးစဉ်က ၁၇ နှစ်အကြာ။

mgyoe.com

mgyoe.com

# အခန်း (၂)

## ဤကမ္ဘာ၏ အရှေ့တိုင်းပြဿနာ

အာရှတိုက်ကြီး၏ အရှေ့နှင့် အနောက်ဘက်တစ်ခိုတွင် ကမ္ဘာ၏ ထက်ဝက်ကျော်မျှသော လူဦးရေကို တွေ့မြင်ရ၏။ ထိုလူဦးရေမှာ ငြိမ်သက်သွားလာ လုပ်ကိုင်နေကြသည်မဟုတ်၊ ပဒ္ဒအုံတုတ်ဆွသကဲ့သို့ တလှုပ်လှုပ် တရှုရှု ဖြစ်နေဘိ၏။ အရှေ့တိုင်းနိုင်ငံများသည် ဂျပန်ကို မည်မျှလောက်ပင် မကြိုက်မနှစ်သက်စေကာမူ ဥရောပတိုက်၏ ဝင့်တွင်းမှ လွတ်ကင်းရန်အရေးတွင် ဂျပန်ကိုပင် နမူနာယူကြရလျက် ဂျပန်ကိုပင် မိမိတို့အား ဆယ်တင်ပေးမည့်ပြည်ဟူ၍ မှတ်ယူကြရ၏။ ဂျပန်သည် ဥရောပ တိုက်သားတို့အား ဥရောပ တိုက်မှထွင်သော လက်နက်တို့ဖြင့်ပင် တိုက်ဖျက်အောင်မြင်နိုင်ကြောင်းကို ခိုင်လုံစွာ လက်ငင်း သက်သေပြခဲ့လေပြီ...

mgyoe.com

mgyoe.com


လူသတ္တဝါတို့၏ ဘေးဟူသောစကားကို ယခု နန်းကျကိုင်ဇာဘုရင်သည် ခရစ်နှစ် ၁၈၉၅ ခုနှစ်က အရှေ့ဘက်တစ်လွှားရှိ တိုင်းနိုင်ငံများ နိုးကြားထကြွလာသည့် အရိပ်နိမိတ်တို့ကို သိမြင်သည့်အလျောက် ထွင်၍ ထုတ်ဖော်ပြောဆို သတိပေးခဲ့၏။

ထိုကဲ့သို့ စတင်ပြောဆိုခဲ့သည့် အခါကစ၍ ယခု အနှစ် ၄၀* ကြာမြင့်သည့်တိုင်အောင် ထိုစကားမှာ အနောက်နိုင်ငံသူ၊ နိုင်ငံသားတို့ နှုတ်ဖျား၌သော် လည်းကောင်း၊ သတင်းစာများ၌သော် လည်းကောင်း တလှုပ်လှုပ် တရွရွ ပြောဆိုရေးသားလျက် ရှိခဲ့ကြလေသည်။

အရှေ့ဘက်တစ်လွှားမှလည်း ရှေးအထက်ကကဲ့သို့ မဟုတ်မူ၍ သမုဒ္ဒရာ အဏ္ဏဝါ–ဝါဠူ၊ သဲစုမက များပြားလှစွာသော လူဝါ၊ လူမည်းတို့သည် မျက်စိပွင့်လင်း နိုးကြားခြင်းသို့ ရောက်ကြပြီဖြစ်သောကြောင့် နိုင်ငံရေးရာတွင်သော်လည်းကောင်း၊ လောကဓာတ်ပညာတွင်သော်လည်းကောင်း၊ စစ်မက်ရေးရာတွင်သော်လည်းကောင်း၊ ကုန်ကူးသန်းရောင်းဝယ်ရေးတွင်သော်လည်းကောင်း အနောက်ဘက်တိုင်းနိုင်ငံများထက် မသာစေကာမူ တန်းတူတန်းမျှ လိုက်နေကြပြီဖြစ်လေရာ ဂျပန်၊ တရုတ်၊ ထိုင်း၊ မြန်မာ၊ အိန္ဒိယ၊ ပါရှား၊ တူရကီ စသော တိုင်းပြည်တို့၏ စုဝေးရာဖြစ်သော ဤအရှေ့ဘက်တစ်လွှား၏ နိုးကြားလာခြင်းသည်လည်း ကမ္ဘာ၏ အေးချမ်းသာယာခြင်းကို သာ၍ ချောက်ချားစေပြီ ဖြစ်ပေသတည်း။

■

---

* ယခုသော် ၄၃ နှစ်ခန့် ကြာမြင့်ပြီဟု ဆိုရပေမည်။

mgyoe.com

mgyoe.com

## (က) သစ်ငုတ်မြင့်တုံ မြက်မြင့်တုံ

ယခု ထင်ရှားရှိသော ကမ္ဘာကျော် ရာဇဝင်ဆရာကြီး မစ္စတာ အိပ်ဂျီဝဲက ခရစ်နှစ် ၁၈၅၀ နှင့် ၁၉၀၀ အကြားတွင် ကမ္ဘာကြီး တစ်ခုလုံးပင် ဥရောပတိုက်၏ လက်အောက်သို့ရောက်ရန် အခါကြုံ သဖြင့် ကမ္ဘာကြီးတစ်ခုလုံးပင် ဥရောပတိုက်ရှိ တိုင်းပြည်ကြီး အသီး သီးတို့၏လက်သို့ အပိုင်းပိုင်း အစိတ်စိတ်ပြတ်ကာ ပါကြရကုန်၏။ ဤကမ္ဘာမှာ လူဖြူတို့၏ ပဏ္ဍာဖြစ်လာရာ ဥရောပတိုက်သား လူဖြူ များမှာလည်း ထိုပဏ္ဍာကို ခံယူသုံးဆောင်ကြရင်းပင် ဂျပန်၊ တရုတ်၊ ထိုင်း၊ မြန်မာ၊ အိန္ဒိယ၊ ပါရှား စသော တိုင်းပြည်မှ များလှစွာသော လူတို့သည် ဥရောပတိုက်၏ ခြယ်လှယ်ခြင်းကိုသာ အစဉ်မပြတ် ခံနေကြကုန်အံ့ဟူ၍ ထင်မှတ်လျက်ရှိကြကြောင်းနှင့် ရေးသားခဲ့လေ သည်။

ခရစ်နှစ် ၁၈၀၀ နှင့် ၁၉၀၀ အကြားတွင် လောကဓာတ် ပညာအရပ်ရပ်တို့ ပေါ်ပေါက်ထွန်းကားလာသည့်အတွက် ဥရောပ တိုက်သားတို့၌ အစွမ်းအာဏာသစ်များ တိုးတက်ရရှိလာခဲ့သည် ဖြစ်သောကြောင့် ဥစ္စာစီးပွားအရာတွင် ၁၆ ဆမျှ ပိုမိုကြွယ်ဝလာကြ

mgyoe.com

mgyoe.com


ပြီးလျှင် ကမ္ဘာတစ်ခွင်၌လည်း အာဏာရှင်များအဖြစ်သို့တိုင် ရောက်ခဲ့ကြပေ၏။

သို့သော်လည်း ထိုအစွမ်းသစ်၊ အာဏာသစ်တို့မှာ ၁၉၁၄ ခုနှစ်မှစ၍ ၁၉၁၈ ခုနှစ်အထိ ဖြစ်ပွားခဲ့သော ကမ္ဘာစစ်ကြီးတွင်း မိမိတို့ အချင်းချင်း ရက်စက်ကြမ်းကြုတ်စွာ တိုက်ခိုက်ခဲ့ခြင်းဖြင့် ပျောက်ပျက်ကုန်ခန်းလုမတတ်ရှိလျက် အလွန်မောပန်းနွမ်းရိနေသော ဥရောပတိုက်သည်လည်း အားအင်ပြည့်တင်းစပြုလာသည့် အရှေ့တိုင်း၏ မျက်မှောက်တွင် ကြောက်ရွံ့တုန်လှုပ်သော ယုန်သူငယ်ပမာ ဖြစ်လာခဲ့လေပြီ။

သို့သော် ဤအချင်းအရာကို များစွာသော ဥရောပတိုက်သားတို့သည် ကောင်းစွာ မသိမမြင်ကြသေးဘဲ ရှိခဲ့ချေ၏။

အရှေ့တိုင်းဟူသော အာရှတိုက်တွင် အာရှတိုက်သူ၊ တိုက်သားတို့သည် သာမန်အားဖြင့် ဥရောပတိုက်သူ၊ တိုက်သားတို့ထက် စိတ်ကူးဉာဏ်၌ ယုတ်ညံ့သိမ်ဖျင်းသူများ မဟုတ်။

အာရှတိုက်သားတို့သည် ဥရောပတိုက်သားတို့ကဲ့သို့ပင် သတ္တိဗျတ္တိနှင့် ပြည့်စုံကြ၏။ ဥရောပတိုက်သားတို့ကဲ့သို့ပင် သဘောကြီးခြင်း၊ ကိုယ်ကျိုးကိုယ်တာ မငဲ့မကွက် တိုင်းပြည်အတွက်ဆိုလျှင် ရဲဝံ့စွာ စွန့်စားဝံ့ခြင်း စသော စိတ်ဓာတ်တို့ ရှိကြသည်ချည်းဖြစ်ချေ၏။

တစ်ဖန် အာရှတိုက်သူ၊ တိုက်သားတို့၏ ဦးရေသည် ဥရောပတိုက်သူ၊ တိုက်သား လူဖြူများဦးရေထက် အစဉ်မပြတ် များမြောင်နေမည်သာ ဖြစ်၏။

ဥရောပတိုက်၌ တတ်မြောက်ပြီး ပညာရပ်တို့ကို အရှေ့တိုင်း အာရှတိုက်သို့ မပေါက်မကြားစေရဟု တားမြစ်ပိတ်ပင်၍လည်း ရမည့်

mgyoe.com

mgyoe.com


မဟုတ်၊ အတတ်ပညာတို့မည်သည် ဉာဏ်မျက်စိပွင့်လင်းရာဌာနသို့ ပြန့်ပွားရမည်သာ ဖြစ်၏။

ယခုအခါ အာရှတိုက်တွင် လူပေါင်းများစွာတို့သည် အရာ ခပ်သိမ်းမှာလိုပင် ညှိနှိုင်းတိုင်ပင် စုရုံးစ ပြုလာကြလေပြီ။

ဤအကြောင်းနှင့် ပတ်သက်၍ ဆာဂူလတ်ဆိုသော ပုဂ္ဂိုလ် ကြီးမိန့်ဆိုခဲ့သော စကားရပ်မှာ များစွာ မှတ်သားဖွယ် ကောင်းလေ သည်။

ဆင်လူဂတ်က စစ်မက်တိုက်ခိုက်ရန် များစွာ စိတ်အား ထက်သန်ကြသည့် အာရှတိုက်သားတို့သည် လူဖြူတို့၏ စစ်သဘော် များ၊ စက်အမြောက်များကို ဦးစွာပထမ အံ့သြငေးမော တွေဝေ၍ နေကြရာမှ ခရစ်နှစ် ၁၉၀၀ ဆီကစ၍ လူဖြူတို့၏ လောကဓာတ် ပညာ၊ လူဖြူတို့၏ အတတ်ဖြင့်ပင် လူဖြူတို့ကို ပြန်၍ခုခံရန် ပြင်ဆင်ဖို့ သတိရလာကြ၏။ ယခုသော် အရှေ့ဘက်တစ်လွှားတွင် ကြီးကျယ်သော ပြောင်းလဲခြင်းဖြင့် ပြောင်းလဲလာခဲ့ပြီ ဖြစ်၏။

ထိုပြောင်းလဲခြင်း၏ ခရီးပေါက်ရောက်ပုံမှာ ဂျပန်ပြည်က ရုရှားပြည်ကို အနိုင်တိုက်ယူလျက် ကမ္ဘာ့နိုင်ငံကြီးများအနက် တစ်ခု အပါအဝင်ဖြစ်အောင် တိုးတက်လာခြင်းဖြင့် ထင်ရှားသိသာခဲ့ပြီဖြစ်၏။

ဂျပန်ပြည်မှာ ဥရောပတိုက်ကို ဦးစွာပထမ ဖြိုဖျက်တွန်းလှန် သော တိုင်းပြည်ဖြစ်သောကြောင့် အာရှတိုက် တစ်တိုက်လုံး၏ အားထားမှီခိုရာ ဖြစ်လာခဲ့လေပြီ။

ဥရောပတိုက်တွင် ကမ္ဘာစစ်ကြီးဖြစ်စဉ်က နှစ်ဖက်စလုံးကပင် မိမိတို့ တိုင်းသူပြည်သား လူဖြူအချင်းချင်းကို သတ်ရာဖြတ်ရာ၌ ကူညီရန် အာရှတိုက်သား လူမည်းလူဝါများကို ငှားခဲ့ရချေ၏။

mgyoe.com

mgyoe.com

ဤအချင်းအရာကို မြင်သော ဂျပန်ပြည်သည် ရှေ့သို့တိုး၍ အတင့်ရဲကာ ကမ္ဘာတစ်ခုလုံး ကန့်ကွက်နေသည့် အတောအတွင်း တရုတ်ပြည်မှ မန်ချူးရီးယားနယ်ကို တိုက်ခိုက်သိမ်းပိုက်လိုက်ခြင်း ပြုရုံမျှမက နိုင်ငံပေါင်းချုပ်က အပြစ်တင်သောအခါ၌လည်း ဆောင့်အောင့်ကာ နှုတ်ထွက်လာခဲ့သည့်အတွက် အရှေ့တိုင်း၌ မည်မျှလောက် ခရီးပေါက်နေပြီကို သတိချပ်သင့်ကြောင်းနှင့် ဆာလူဂတ်က ဥရောပ တိုက်ကို အတိအလင်း သတိပေးထားခဲ့၏။

■

mgyoe.com

mgyoe.com

## (ခ) ဂျပန့် လောဘ

အနောက်ဘက်တစ်လွှားမှ တိုင်းသူတိုင်းသားတို့ လှေများ၊ သင်္ဘောများဖြင့် ပထမဦးစွာ အရှေ့ဘက်တစ်ခိုသို့ လာရောက်ကြစဉ်က အရှေ့တိုင်းသူ၊ တိုင်းသားတို့သည် နှစ်ခြိုက်စွာ အိပ်ပျော်ငိုက်မြည်းနေခဲ့၏။

နှစ်ပေါင်း ၅၀ ကျော် ကြာမြင့်သောအခါ၌ကား အရှေ့တိုင်းကြီးသည် အိပ်ရာမှ နိုး၍လာဘိသကဲ့သို့ဖြစ်ကာ လက်ရုံးကို ဆန့်တန်း အညောင်းဖြေခြင်းပြုလေရာ ဤအခါတွင် အရှေ့တိုင်း၏ အားအင်ကို အနောက်နိုင်ငံသားတို့ ကောင်းစွာ မြင်ရ တွေ့ရ၏။

အရှေ့တိုင်းသားတို့သည် ယခုအခါ အနောက်နိုင်ငံတို့ကို ဖိတ်မန္တကပြုခြင်းမရှိဘဲ ထင်သလို ဝင်ထွက်သွားလာနေကြပြီဖြစ်လေရာ ကမ္ဘာတွင် ဥရောပ စသော အနောက်တိုင်းနှင့် အာရှ စသော အရှေ့တိုင်းတို့သည် တန်ခိုးအာဏာအရာ၌ တစ်တိုင်းထက်တစ်တိုင်း သာလွန်စေရန် ပြင်းထန်စွာ လုယက်ယှဉ်ပြိုင်၍ နေကြချေပြီတကား။

အာရှတိုက်တည်းဟူသော အရှေ့နိုင်ငံများနှင့် စပ်လျဉ်း၍ ရာဇဝင် ဆရာကြီးတစ်ဦးက အရှေ့ဘက်တစ်လွှားတွင် အနောက်

mgyoe.com

mgyoe.com
နိုင်ငံသားတို့ လွှမ်းမိုးကြီးစိုးသည်နှင့်အမျှ အရှေ့နိုင်ငံသားတို့သည်လည်း မိမိတို့၏ ယုတ်ညံ့ဖျင်းသိမ် အနောက်နိုင်ငံသားတို့အား ဦးနှိမ်၍ နေရသောအဖြစ်ကို ပိုမို စက်ဆုပ်ရွံရှာလာကြလေပြီ။

သို့သော် အနောက်နိုင်ငံသားတို့က အရှေ့ဘက်တိုင်းသားတို့သည် မိမိတို့ တုံးအောက်က ဖားမျှသာဖြစ်သည်ဟု ဗာခုထက်တိုင် ယူဆအေးဆေးလျက် ရှိနေကြောင်းဖြင့် ရေးသားဖော်ပြဖူးလေသည်။

အမှန်စင်စစ်သော်ကား အရှေ့ဘက် နိုင်ငံများသည် မိမိတို့ အိပ်ပျော်ငိုက်မြည်း၍နေခိုက် ဆုံးရှုံးခဲ့ရသည်တို့ကို ယခုမှ ကောင်းစွာ သိရှိရသဖြင့် ထိုဆုံးရှုံးပြီးဖြစ်သော အရာတို့ကို ပြန်လည် ရရှိလိုခြင်း၊ တတ်နိုင်က အနောက်နိုင်ငံများကို မိမိတို့ လက်အောက်ခံသဖွယ် ဖြစ်အောင် ပြုလုပ်လိုခြင်း စသော စိတ်မာန်များ အထူးတက်ကြွ၍ နေခဲ့ချေ၏။

အခြေအနေချင်း နှိုင်းစာ၍ ကြည့်ပြန်သော် ဤကမ္ဘာလောက၌ အနောက်နိုင်ငံသား လူဖြူတစ်ယောက်လျှင် လူမည်း၊ လူဝါ၊ လူနီ စသော လူသုံးယောက် ဖြစ်၏။ ဤ လူမည်း၊ လူဝါတို့၏ တိုင်းပြည်တို့မှာ လူဦးရေ များပြားလွန်းလှသဖြင့် နေစရာ၊ ထိုင်စရာ မရှိသလောက် ဖြစ်ချေ၏။ ၎င်းတို့သည် လူဖြူတို့ နေထိုင်ခြင်း မပြုနိုင်သော နေရာတို့တွင် အသက်တစ်ချောင်းအတွက် ကြိုးစားပမ်းစား ရှာဖွေလုပ်ကိုင်ကြရသောကြောင့် ၎င်းတို့၏အင်အားသည် အစဉ်မပြတ် သန်စွမ်းခက်ထန်လျက် ရှိ၏။ ၎င်းတို့၏ နေထိုင်ရာ ဖြစ်သော ဤအာရှတိုက်ကြီးသည် ၎င်းတို့၏အဖို့ အလွန်ကျဉ်းမြောင်းစွာ၏။ ၎င်းတို့သည် ဥရောပတိုက်သားတို့ ကြီးစိုးခြင်းကို မနှစ်မြို့နိုင်ကြရာ ၎င်းတို့အပိုင်ဖြစ်သော တိုင်းပြည်၊ နိုင်ငံတို့ကို ဓမ္မတာသဘောတရားအတိုင်း ပြန်၍ လိုချင်တပ်မက်ခြင်း ရှိကြကုန်၏။
mgyoe.com

mgyoe.com


အနောက်နိုင်ငံသားတို့သည် မိမိတို့၏ နယ်နိမိတ်များကို ကောင်းစွာ စောင့်ရှောက်ခြင်းပြုမှသာလျှင် မိမိတို့အမျိုးမှာ ဤကမ္ဘာတွင် မပျောက် မပျက် တည်မြဲကုန်အံ့ဟူ၍ အင်္ဂလိပ် သံအမတ်ကြီးတစ်ဦးက ကြီးလေးစွာ သတိပေးဖူးသော စကားလည်း ရှိသေးလေသည်။

နှစ်အနည်းငယ်ခန့်က လူဖြူတို့ ကြီးစိုးခြင်းကို ဆန့်ကျင်သည့် လူဝါ၊ လူမည်းတို့၏ဘေးခေါ် စာအုပ်တစ်အုပ်ကို တွေ့ရှိလိုက်ရဖူးရာ ထိုစာအုပ်မှ ကောက်နုတ်ချက်တစ်ရပ်ကို အောက်တွင် ဖော်ပြလိုက်ပေဦးအံ့။

"လွန်ခဲ့သည့် အနှစ် ၄၀၀ အတွင်းတွင် မျက်နှာဖြူတို့သည် ကမ္ဘာအနှံ့အပြား သွားရောက်ကျက်စားကြကုန်လျက် အမေရိကန်ပြည် ဩစတြေးလျတိုက် စသော တိုင်းပြည်ကြီးတို့ကိုလည်း သိမ်းပိုက်ပြီးလျှင် အထက်တန်းစားကျသော ယဉ်ကျေးခြင်းတစ်မျိုးကို ထူထောင်ခဲ့ကြလေသည်။ ထိုအခါကာလက မျက်နှာဖြူမျိုးမဟုတ်သော သူတို့သည် မိမိတို့ ဘာသာဘာဝအလျောက် အေးဆေးငြိမ်သက်စွာသာ နေထိုင်ခဲ့ကြ၏။

သို့သော် နှစ်အနည်းငယ်အတွင်း ဤမျက်နှာဖြူမျိုးမဟုတ်သောသူတို့သည် နိုးကြားစပြုလာကြရာ မျက်နှာဖြူတို့၏ ကြွယ်ဝချမ်းသာ လူဦးရေ နည်းပါးလှစွာသော တိုင်းပြည်များအကြောင်းကို ကောင်းစွာ သိရှိလာကြ၏။ ထိုအခါတွင် မိမိတို့၏ ကျဉ်းမြောင်းကျပ်တည်းလှသောဘဝကို ရှုံ့ရှာကာ အနောက်နိုင်ငံသားတို့၏ နယ်ပယ်တို့ကို ကျူးကျော်စပြုလာရာ မျက်စိကြီး၊ နားကြီးဖြစ်သော မျက်နှာဖြူတို့သည် ထိုအချင်းအရာကို တစ်ခါတည်း ပိတ်ပင်တားမြစ်ရန် ဆုံးဖြတ်လျက် အဝင်အထွက်ကို ပြင်းထန်စွာ တားမြစ်သည့်

mgyoe.com

.mgyoe.com


ဥပဒေရပ်တို့ကို ထုတ်ပြန်ကြလေသည်" စသဖြင့် ဖော်ပြရေးသား ခဲ့လေသည်။

သို့သော် ထိုဥပဒေတို့သည် စိတ်အားထက်သန်နေပြီဖြစ်သော အရှေ့တိုင်းသားတို့အား တားဆီး၍မရနိုင်ဘဲ ရှိခဲ့၏။ အရှေ့တိုင်းသား တို့သည် ထိုဥပဒေတို့ကို ချိုးဖဲ့တော်လှန်နိုင်သမျှ၊ တော်လှန်၍ အောင်မြင်နိုင်သမျှ အောင်မြင်ကြပြီ ဖြစ်၏။

အနောက်နိုင်ငံသားတို့၏ ဥပဒေတို့သည်လည်း တိုး၍တိုး၍ တင်းကျပ်လာကြကုန်၏။

ထိုသို့ တင်းကျပ်လာလေလေ အရှေ့တိုင်းသားတို့၏ စိတ် သည်လည်း ထက်သန်၍ လာလေလေဖြစ်ရာ မကြာမီပင် နှစ်ဦး နှစ်ဖက်စလုံးတို့၏ ဒေါသတို့သည် မီးခိုးမီးလျှံများကို ပြင်းထန်စွာ လွှတ်သော အခြေအနေသို့ ဆိုက်ရောက်ခဲ့လေပြီ။

နှစ်ဖက်စလုံးတွင် မိမိတို့ အမျိုးမပြုတ်ရန် ကျပ်တည်းစွာ ထိန်းသိမ်းစောင့်ရှောက်နေကြ၏။

နှစ်ဖက်စလုံးပင် မိမိတို့၏ အရှုံးအနိုင်ကို စစ်ပြိုင်၍ခင်းကာ ဆုံးဖြတ်ရန် ကြိမ်ဖန်များစွာ သန္နိဋ္ဌာန် ချမှတ်ခဲ့ကြချေ၏။ ဤကား နီးကြားစဖြစ်သည့် လူဦးရေ မြောက်မြားလှစွာသော အာရှခေါ် အရှေ့ တိုင်းနှင့် မိမိတို့အမျိုး တန်ခိုးမယုတ်ရန် ကာကွယ်ဖို့ အရေးကြီး နေကြသည့် လူဖြူတို့၏ အနောက်တိုင်း၏ ပြဿနာကြီးပင် ဖြစ်ပေ သတည်း။

အနောက်နိုင်ငံသားများက အရှေ့တိုင်း နိုင်ငံတို့အပေါ်တွင် သဘောထားပုံနှင့် ပတ်သက်၍ အရှေ့တိုင်းသူ တိုင်းသားတို့ များစွာ စိတ်မကျေမနပ် ဖြစ်ကြ၏။ နာကြည်းကြ၏။

mgyoe.com

mgyoe.com


ဂျပန်သည် ဤနာကြည်းချက်ဖြင့် တိုးတက်အင်အား ဖြည့်တင်းကာ ယခုအခြေသို့ ဆိုက်ရောက်လာရ၏။

ဥရောပတိုက်သားတို့သည် အာရှတိုက်သားတို့အား ဦးနှိမ်ချိုးဖဲ့၊ လူမဟုတ်သကဲ့သို့ ဆက်ကာဆက်ကာ ပြုကျင့်ကြခြင်းကြောင့် ဂျပန်ပြည်သူ ပြည်သားတို့သည် အလွန် ထိတ်လန့်အံ့ဩဖွယ်ရာကောင်းသော လျင်မြန်ထက်မြက်ခြင်းဖြင့် ဥရောပတိုက်နိုင်ငံများ အခြေအနေနှင့် တန်းတူညီမျှအောင် ဖန်တီးလိုက်ကြ၏။

ကမ္ဘာ့ရာဇဝင်တွင် မည်သည့်တိုင်းပြည်မှ ဂျပန်ကဲ့သို့ လျင်မြန်ဖျတ်လတ် ထက်မြက်စွာ တိုးတက်ကြီးမားလာခြင်း မရှိခဲ့ဖူးသေးချေ။

၁၈၆၆ ခုနှစ်က ဂျပန်ကျွန်းစုသည် အလွန် ရှေးကျရိုးအသောလူတို့ စုဝေးနေထိုင်ရာ ဖြစ်ခဲ့၏။ ၁၈၉၉ ခုနှစ်သို့ရောက်သောအခါ ဂျပန်မှာ တစ်ဖြစ်လဲပြီးလျှင် ဥရောပတိုက်၏ ထိပ်သီးဖြစ်သော နိုင်ငံကြီးများနှင့် တူမျှသော အဆင့်အတန်းသို့ တက်လှမ်းဝင့်ကျယ်၍ လာခဲ့လေသည်။

ဂျပန်၏ တိုးတက်ခြင်းသည် အာရှတိုက်ကား ဥရောပတိုက်၏ အမြီး၊ ဥရောပတိုက်တည်းဟူသော ဓား၏ နောက်ပိတ်ခွေးမျှသာဖြစ်သည်ဟု ပြောဆိုကြသည့်အချက်ကို လုံးဝ ပယ်ဖျက်လျက် ဥရောပတိုက်၏ တိုးတက်ရေးပင်လျှင် ကလေးကစားသည့် အရာသဖွယ် ဖြစ်၍သွားအောင် အစွမ်းပြရာရောက်နေတော့ကြောင်းနှင့် ကမ္ဘာကျော်ရာဇဝင်ဆရာကြီးမစ္စတာအိပ်ဂျီဝဲက ၎င်း၏ ကမ္ဘာ့ရာဇဝင်ခေါ် စာအုပ်ကြီးတွင် ဝန်ခံခြင်း ပြုထားလေသည်။

ဤအာရှတိုက်သား အရှေ့နိုင်ငံသားများမှာ အထက်ကျော်ကာရိပဝေသဏီကပင် ကိုယ့်ထီးကိုယ့်နန်း ကိုယ့်ကြငှန်းနှင့် သိမ်မွေ့

mgyoe.com

mgyoe.com



ယဉ်ကျေးစွာ နေထိုင်လာခဲ့ကြသူများဖြစ်သောကြောင့် လူဖြူတို့နှင့် တွေ့၍ လူဖြူတို့လက်အောက်သို့ ကျရောက်ရသည့်တိုင်အောင် ၎င်းတို့ ထင်သလို ပြုကျင့်ခြင်းကို မခံနိုင်ကြ၊ မခံလိုကြဘဲ ရှိလေသည်။

ဤကဲ့သို့ မခံနိုင်၊ မခံလိုကြသော အရှေ့တိုင်း နိုင်ငံတို့ကို ဂျပန်သည် ဦးစီးခေါင်းဆောင် ပြုခဲ့လေပြီ။

ဂျပန်သည် ဦးစွာပထမ ရုရှားပြည်ကြီးကို တော်လှန်လိုက်သည်ဖြစ်ရာ ဤအောင်ပွဲမှာ ဂျပန်တို့၏ အခြေအနေကို တစ်မုဟုတ်ချင်း တိုးမြှင့်လျက် ဂျပန်တို့၏ လောဘမီး၊ ဒေါသမီးတို့ကို ပိုမို အခိုးအလျှံ ထွက်စေခဲ့ချေ၏။

ဂျပန်တို့၏ အောင်ပြီဟူသော ကြွေးကြော်သံသည် အရှေ့တိုင်း နိုင်ငံများတွင် ပဲ့တင်ခတ်မျှ မြည်ဟီးသွားလျက် ပါရှားပြည်၊ အိန္ဒိယပြည်နှင့် တရုတ်ပြည်တို့၌ရှိသော နိုင်ငံရေးဂိုဏ်းဂဏတို့ကို အတိုင်းမသိ အားတက်စေခဲ့၏။ အရှေ့တိုင်းနိုင်ငံများသည် ဂျပန်ပြည်ကို မည်မျှလောက်ပင် မကြိုက်မနှစ်သက်စေကာမူ ဥရောပတိုက်၏ ဝင့်တွင်းမှ လွတ်ကင်းရန်အရေးတွင် ဂျပန်ကိုပင် စံနမူနာယူကြရလျက် ဂျပန်ကိုပင် ၎င်းတို့အား ဆယ်တင်ပေးမည့်ပြည်ဟူ၍ မှတ်ယူကြရ၏။ ဂျပန်သည် ဥရောပတိုက်သားလည်း အသက်သွေးခဲပင်ဖြစ်ကြောင်းကို ထင်ရှားစေလျက် ဥရောပတိုက်သားတို့အား ဥရောပတိုက်မှထွင်သော လက်နက်တို့ဖြင့်ပင် တိုက်ဖျက်အောင်မြင်နိုင်ကြောင်းကို ခိုင်လုံစွာ လက်ငင်း သက်သေပြခဲ့လေပြီ။

အကယ်၍ ၁၈၀၀ နှင့် ၁၉၀၀ အကြား ခေတ်ကာလသည် ဥရောပတိုက်အတွက် ရေစီးသည့်အခါဖြစ်ခဲ့လျှင် ခရစ်နှစ် ၁၉၀၀ နောက် ခေတ်ကာလသည် အာရှခေါ် အရှေ့တိုင်းကြီး၏ ရေသာသော အလှည့်ဟု ခေါ်ဆိုရမည် ဖြစ်၏။

mgyoe.com

mgyoe.com


ထိုအာရှတိုက်ကြီး၏ အရှေ့နှင့် အနောက်တစ်ခိုတွင် ကမ္ဘာ၏ ထက်ဝက်ကျော်မျှသော လူဦးရေကို တွေ့မြင်ရ၏။

ထိုလူဦးရေမှာ ငြိမ်သက်စွာ သွားလာလုပ်ကိုင် နေထိုင်ကြသည်မဟုတ်။ ပဒူအုံ တုတ်ဆွသကဲ့သို့ တလှုပ်လှုပ် တရွရွ ဖြစ်နေဘိ၏။

လွန်ခဲ့သည့် တစ်ခေတ်အတွင်း ထို အရှေ့တိုင်းကြီး၏ သမုဒ္ဒရာ တစ်ဖက်ကမ်းမှသည် အခြားတစ်ဖက်သို့ လွန်စွာကြီးမားသော အင်အားဖြင့် အမျိုးသားတို့၏ နိုးကြားသော စိတ်မာန်သည် အပြန်ပြန် အခေါက်ခေါက် လှုံ့ဆော်ထကြွလျက် ရှိခဲ့ချေ၏။

တစ်နေရာတွင် ဤအချင်းအရာကို မငြိမ်မသက်ခြင်း၊ အခြားတစ်နေရာ၌ အမျိုးသားစိတ် ယိုဖိတ်ခြင်း၊ တစ်တိုင်းမှာ ပုန်ကန်တော်လှန်ခြင်း၊ အခြားတစ်ပြည်တွင် လောဘရမ္မက်ကြီးခြင်း ဟူ၍ မည်ကဲ့သို့ပင် လွဲပြောင်းမှည့်ခေါ်စေကာမူလည်း ထိုစိတ်မှာ ထိုစိတ်သာ ဖြစ်ခဲ့လျက် ထိုမာန်မှာ ထိုမာန်ပင် ဖြစ်ပေ၏။

ဂျပန်ပြည်သည် အရှေ့ဘက်တစ်လွှား၏ အာဏာရှင် တိုင်းပြည်ဖြစ်ရုံသာ ကြံရွယ်သည်မဟုတ်၊ တစ်ကမ္ဘာလုံးကိုပင် သိမ်းကျုံးအုပ်ချုပ်ရန် ကြံရွယ်ချက်များ ရှိ၏။

ဤကဲ့သို့ ကြံရွယ်ခြင်းမှာလည်း တိတ်တဆိတ် ပုန်းလျှိုးကွယ်လျှိုး ကြံရွယ်ခြင်းမဟုတ်။ ခရစ်နှစ် ၁၉၁၉ ခုနှစ်ကပင်လျှင် ဂျပန်ပြည်၏ မျိုးချစ်ပုဂ္ဂိုလ်ကြီး အိုကူမာက ဂျပန်သည် မိမိထက်နိမ့်ကျသော တရုတ်ပြည်မှစ၍ အခြား အရှေ့ဘက်တိုင်းနိုင်ငံတို့အား မိမိ၏ ယဉ်ကျေးခြင်းကို ပေးပေအံ့။ ဂျပန်သည် အရှေ့ဘက်ယဉ်ကျေးခြင်းနှင့် အနောက်တိုင်း၏ ယဉ်ကျေးခြင်းကို ပူးပေါင်းကာ

mgyoe.com

mgyoe.com


ယဉ်ကျေးခြင်း အသစ်တစ်မျိုးကို တီထွင်ခဲ့ပြီးပြီ။ ၎င်းကို ဤကမ္ဘာတွင် ထင်ရှားတည်တံ့စေဖို့ရန်မှာ ဂျပန်၏ တာဝန်ပင်ဖြစ်ကြောင်းနှင့် ရေးသားကြေညာခဲ့လေသည်။

၁၉၂၇ ခုနှစ်သို့ ကျရောက်သည့်အခါတွင်လည်း ဘေရွန်တာနာကားက ဂျပန်ပြည်၏ ရည်ရွယ်ချက်များကို ထုတ်ပြန်ခြင်းပြုလိုက်ရာ ထိုထုတ်ပြန် ကြေညာချက်၏ တစ်နေရာတွင် အောက်ပါအတိုင်း ပါရှိချေ၏။

> တစ်နည်းအားဖြင့်လည်း မန်ချူးရီးယား (ယခု မန်ချူကို)နှင့် မွန်ဂိုလီးယားတို့မှာ တကယ့်ချက်ကောင်းများဖြစ်လေရာ၊ ထိုပြည်နယ်တို့ကို သိမ်းပိုက်ခြင်းဖြင့် ကျွန်ုပ်တို့သည် တရုတ်ပြည်ကြီး တစ်ခုလုံး၏ စီးပွားရေးကို သိမ်းကျုံးပိုင်သ အစိုးရကြကုန်လတ္တံ့။ ထို့နောက်တွင်ကား ကျွန်ုပ်တို့သည် အိန္ဒိယပြည်၊ ထိုမှတစ်ဖန် တောင်ဘက်တစ်ခွင်ရှိ အဏ္ဏဝါပြင်ကျယ်၊ ပင်လယ်ကျွန်းနှင့် ကျွန်းဆွယ်များ၊ အာရှမိုင်းနားနှင့် အာရှတိုက်ဗဟို အချက်အချာတို့ကို လက်အောက်ခံဖြစ်စေလျက် နောက်ဆုံးစွန်တွင် ဥရောပတိုက်ကိုပင် ခြေတော်တင်ကြကုန်အံ့…

ထိုမျှမကသေး ၁၉၃၄ ခုနှစ်၊ ဧပြီ ၁၇ ရက်နေ့တွင် ဂျပန်အစိုးရတို့က တရုတ်ပြည်တွင် ဂျပန်တို့ ဝင်ရောက်ကာကွယ်စောင့်ရှောက်ခွင့်ကို အတိအလင်း တောင်းဆိုခြင်းပြုလေရာ ဂျင်နရယ်အာရာကီကမူ ထိုသို့ တောင်းဆိုခြင်းသည် ဘာမျှမဖြစ်လောက်သေး။

mgyoe.com

mgyoe.com


ကမ္ဘာ့အရှေ့ဖျားး၏ အခြေအနေကား မည်သို့ ရှိသနည်း။ အိန္ဒိယပြည်ကြီးတွင် ၃၀၀,၀၀၀,၀၀၀ မျှသော လူထုကြီးသည် ချုပ်ခြယ်သော အင်္ဂလိပ် အစိုးရ၏လက်အောက်တွင် ဆင်းရဲကြီးစွာဖြင့် နေထိုင်လျက် ရှိကြ၏။ အလွန် မြေဩဇာကောင်းမွန်သော အာရှတိုက် ဗဟိုပိုင်းနှင့် ရုရှားပြည်အပိုင် ဆိုက်ဘေးရီးယားပြည်ကြီးတွင်လည်း လွတ်လပ်ရေးဟူ၍ စိုးစဉ်းမျှမရှိ။ အလွန်ငြိမ်သက်သော မွန်ဂိုလီးယား ပြည်နယ်ကြီးသော်မှ အာရှတိုက်ဗဟိုပိုင်းကဲ့သို့ ဖြစ်နေလေပြီ။ အရှေ့ ဖျားရှိ တိုင်းပြည်နိုင်ငံများမှာ မျက်နှာဖြူလူမျိုးများ၏ ဖိစီးရာဖြစ်နေ ကြရရှာလေပြီ။

သို့သော် နိုးကြားလာသော ဂျပန်သည် လူဖြူတို့၏လက်ဝယ် ထိုတိုင်းနိုင်ငံများ ဆက်လက် ဖိစီးနှိပ်စက်ခံရခြင်းကို မခံမရပ်နိုင်ပြီ။ ဂျပန်လူမျိုးအားလုံး၏ ရည်ရွယ်ချက်နှင့် မညီညွတ်သော တိုင်းပြည် ကြီးမှန်က ထိုတိုင်းပြည်ကြီးသည် မည်သူမည်ဝါဖြစ်၍ မည်မျှပင် တောင့်တင်းခိုင်လုံစေကာမူ ထိုတိုင်းပြည်ကို အဓိဋ္ဌာန်ပြုလျက် ခုခံ ရန်မှာ ဂျပန်ဧကရာဇ်မင်းမြတ် ပိုင်သတော်မူသော ဂျပန်ပြည်၏ တာဝန်ကြီး ဖြစ်ခဲ့လေပြီ။ မိမိတို့တွင် အင်အားနည်းသေးသည်။ ကိရိယာ မစုံလင်ဟူ၍ စိတ်အနှောင့်အယှက် မဖြစ်ကြကုန်လင့်။ မည်သည့်အရာမျိုးမဆို စိတ်ဓာတ်အပေါ်၌သာ တည်ရှိ၏။ ဤတိုင်း ပြည်၏ ဆက်လက်ချီတက်ခြင်းကို မည်သူတားမြစ်ဝံ့အံ့နည်း။ အကယ်၍ တားမြစ်ခြင်းပြုချေလျှင် ထိုသူသည် မည်သူပင်ဖြစ်စေ ကာမူ ၎င်းအား အသနား အညှာတာ အစာနာ အထောက်အထား မရှိ။ ချိုးနှိမ်ခြင်း ပြုပစ်ရလိမ့်မည်သာဖြစ်၏ ဟူ၍ ကြေညာခြင်း ပြုပြန်လေသည်။

mgyoe.com

mgyoe.com


အချုပ်ကိုဆိုရသော် ဤကမ္ဘာ၏ လာမည့် ရာဇဝင်တွင်လာမည့် အခန်းကဏ္ဍမှာ အနောက်နိုင်ငံတို့၏ ရွေ့လျောလျှောကျခြင်းနှင့် အရှေ့တိုင်း၏ တန်ခိုးအာဏာ တိုးတက်လွှမ်းမိုးခြင်းပင် ဖြစ်လေတော့၏။

ဂျပန်ပြည်၏ အယူအဆမှာကား ဤပျက်လုနီးနီးဖြစ်သော ကမ္ဘာကြီးအား ဆယ်တင်ရန် ဂျပန်၏အလှည့်သို့ ရောက်လာပြီဟူ၍ ဖြစ်ပေသတည်း။

■

mgyoe.com

mgyoe.com

## အခန်း (၃)

## ဂျပန်၏ ကြောက်မက်ဖွယ်ရာ ကောင်းလှသောခြေလှမ်း

ဤသတ္တလောက၏ တစ်ဝက်ကျော်ကျော်ပင် အငြိမ်မနေ လှုပ်ရှား၍နေချေက ကျန်တစ်ဝက်ခန့်မှာ အဘယ်သို့သောနည်းဖြင့် အေးချမ်းငြိမ်ဆိမ်ခြင်းကို ရပေအံ့နည်း။ အာရှတိုက်ကြီးတည်းဟူသော ကျားသေသည် အသက်ပြန်၍ဝင်ကာ အသက်သွင်းပေးသည့် ဥရောပတိုက်တည်းဟူသော ပဋိဝလုလင်ကို စားမည်၊ ဝါးမည်ကဲ့သို့ ဖြစ်နေလေပြီ။ ကျွန်ုပ်တို့သည် လက်ရှိ ကမ္ဘာမြေပုံကြီးကို လိပ်၍ တစ်နေရာ၌ ပစ်ထားပြီးလျှင် ကျွန်ုပ်တို့ ရှေ့တွင် မြေပုံအသစ်တစ်ခုကို ချိတ်ထားရတော့ မည်ဖြစ်၏။ ဤပြောင်းလဲခြင်းကို ယနေ့ နက်ဖြန်ပင် တွေ့မြင်ရတော့မည်

mgyoe.com

mgyoe.com


ဟူ၍ကား မဆိုလို။ အနာဂတ်အဖို့၌ မုချ ဆတ်ဆတ်ဖြစ်လတ္တံ့သော အခြင်းအရာကိုသာ ကြိုတင်ရေးသား ဖော်ပြရခြင်း ဖြစ်ပေသတည်း။

ယခုအခါတွင် ဂျပန်ပြည်ဟု ခေါ်ဆိုအပ်သော သေးသွယ်ကျဉ်းမြောင်းသည့် ကျွန်းစုများအတွင်း၌ ခိုအောင်းလျက်ရှိသော အင်အားကို အကဲခတ် ကြည့်ဖို့ကောင်း၏။

အလွန် မျှော်လင့်ချက်နည်းပါးသည့် ကျွန်းစုကလေးများဘဝမှ ကမ္ဘာ၏ ပထမတန်း ထိပ်သီးဖြစ်သော နိုင်ငံကြီးများနှင့် ရင်ဘောင်တန်းလိုက်နိုင်အောင် တိုးတက်လာခြင်းမှာ ရာဇဝင်တွင် အလွန် အံ့အားသရဲ ထူးကဲသော အခြင်းအရာ ဖြစ်ခဲ့၏။

လွန်ခဲ့သည့် အနှစ် ၁၀၀ ခန့်က ဂျပန်သည် နား၊ မျက်စိတို့ကို ဖွင့်ရမှန်း အလျင်းမသိသေးသော ကျွန်းစုကလေးမျှသာ ဖြစ်ခဲ့၏။ ၎င်းနောက် ပယ်ရီခေါ် အမေရိကန်တစ်ဦးသည် မိမိ၏အပေါင်းအသင်းတို့နှင့် ဂျပန်ပြည်သို့ ဆိုက်ရောက်လာခဲ့ရာမှ ပယ်ရီ ပြန်၍သွားသောအခါ ထိုအခါကာလ၏ ကြီးမားသော ဘေးအန္တရာယ်တို့ကို ကြိုတင် သိမြင်လာသည်တစ်ကြောင်း၊ ရုတ်တရက် အိပ်ရာမှ လန့်နိုးသကဲ့သို့ နိုးကြားရာတွင် သူတစ်ပါးထက် များစွာ သေးသိမ်နေသည်ကို တွေ့ရသောကြောင့်တစ်ကြောင်း၊ ဂျပန်ကို စိုးမိုးအုပ်ချုပ်မင်းလုပ်သူတို့သည် အနားမနေဝံ့တော့ရကား နိုင်ငံခြားဘာသာ အရပ်ရပ်ကို သင်ကြားရန် ကျောင်းများ၊ စစ်နှင့် ရေကြောင်းဘက်ဆိုင်ရာ အတတ်သင်ကျောင်းကြီးများ၊ အလုပ်ရုံကြီးများ၊ ပန်းပဲဖိုကြီးများသည် အလျှိုအလျှို ပေါ်ပေါက်၍ လာကြကုန်၏။ လက်နက်

mgyoe.com

mgyoe.com


ရုံကြီးများမှ ခေါင်းတိုင်တို့သည် အစဉ်မပြတ် မီးခိုးတလူလူ ထွက်၍ လာကုန်၏။

အနောက်နိုင်ငံမှ ပညာရပ်တို့ကို မရမက လူများစေလွှတ် သင်ကြားစေ၏။ အင်္ဂလန်ပြည်အား မိမိတို့အဖို့ ရေကြောင်းတပ် ဆောက်လုပ်ပေးရန် ငွေကြေးမြောက်မြားစွာပေးလျက် ပြင်သစ်ပြည် အား မိမိစစ်တပ်ကြီးကို ကျနစွာ ဖွဲ့စည်းပေးရန် ငှားရမ်းပြီးလျှင် အမေရိကန်ပြည်ကို မိမိ၏ ပညာရေး၌ စနစ်သစ်များ တီထွင်ပေးရန် တောင်းပန်ခြင်း ပြု၏။ ဂျပန်တို့မှာ အလွန် နူတ်ချိုသူများဖြစ်၍ ထိုနိုင်ငံကြီးများ မငြင်းမပယ်သာအောင် သာယာစွာ ပြောဆိုခြင်း ပြုသောကြောင့် ထိုနိုင်ငံကြီးတို့သည် ဂျပန်အား ကူညီရိုင်းပင်းကြ ကုန်၏။ ဂျပန်ပြည်ကား ထိုအတောအတွင်း အနောက်တိုင်းမှ နိုင်ငံ သူခိုးများ၏ရန်ကို ခုခံဖို့သာ စိတ်ကူး၍ နေခဲ့ချေ၏။

လွန်ခဲ့သည့် အနှစ် ၅၀ ခန့်က တစ်ဦးဦးက နိမိတ်ဖတ် သောသဘောဖြင့် ထိုအခါက ဘုရင်တို့ ဟော့ရမ်းသော့သွမ်းမှုကြောင့် အကြွေးလည်ပင်းခိုက်၍နေသော ဂျပန်ကျွန်းကလေးသည် ဂျော့ဘုရင် ၏ အလွန်ကျယ်ပြန့်သော အင်ပါယာနိုင်ငံတော်ကြီးအား ငွေအမြောက် အမြား ချေးငှားရလိမ့်မည်။ ဤယဉ်ကျေးသောကာလ၌ ရွှေဒင်္ဂါး ကုဋေပေါင်းများစွာကို နှစ်ပေါင်းများစွာ နှစ်စဉ်နှစ်စဉ် သိမ်းသွင်း ယူငင်ရလိမ့်မည်။ ကမ္ဘာကြီးတစ်ခုလုံး မိမိတို့၏ စီးပွားရေး စားကျက် အဖြစ်သို့ ပြောင်းလဲပစ်လိုက်လိမ့်မည်ဟူ၍ ကြိုတင်ပြောကြားခြင်း ပြုခဲ့က ထိုသူအား ရူးသွပ်သည်ဆိုကာ နှောင်သွင်းအကျဉ်းထားမည် မုချဖြစ်ပေ၏။

အနှစ် ၅၀ ကို မဆိုထားဘိ၊ ဤ ၁၉၃၅ ခုနှစ်မှာပင် တစ်စုံတစ်ယောက်သောသူက ဂျပန်သည် တစ်နေ့နေ့တွင် အင်္ဂလိပ်

mgyoe.com

mgyoe.com


အင်ပါယာ နိုင်ငံတော်ကြီး၏ ဘုန်းမီးနေလ တောက်ပထွန်းလင်းခြင်းကို အတင်းပယ်ဖျောက်၍ တစ်ယောက်တစ်ဖန် ဂျပန်အင်ပါယာ နိုင်ငံတော်ကြီးဟူ၍ ဖွဲ့စည်းတည်ထောင်ကာ မိမိတို့ ပြည်ဘောင်တိုင်းကားကို ကြီးမားပြန့်ပြောစေလိမ့်မည် ဖြစ်လတ္တံ့ဟု ပြောဆိုခဲ့ချေသော် ထိုသူအား အရူးဟု စွပ်စွဲသော် စွပ်စွဲလျက် တိုင်းပြည်ငြိမ်ဝပ်ပိပြားခြင်းကို တုန်လှုပ်ချောက်ချားစေသူဟုဆိုကာ အချုပ်အနှောင်ချထားသော် ချထားပေလိမ့်မည် ဖြစ်၏။

သို့သော် နှစ်အနည်းငယ်က မြေပုံ၌ ပုံကျလျက်ရှိသော အင်္ဂလိပ်ရှည်ကြီးများကိုဝတ်ကာ နေ့အခါ လက်ဖက်ရည် ကြမ်းဝိုင်းဖွဲ့၍ သောက်ရင်း၊ မိမိတို့ကိုယ်ကို ယပ်ခပ်ကာသာ အချိန်ကုန်ခန်းခဲ့ကြရသော သေးငယ်ပုကွ၊ လူလုံးမလှသည့် ဤလူဝါကလေးတို့သည် အခြားသော တိုင်းပြည်တို့သို့ သွားရောက်လျက် လူဖြူတို့ နေပုံထိုင်ပုံ၊ စစ်မက်တိုက်ခိုက်ပုံများကို ကြည့်ရှုမှတ်သားခဲ့ကာ ဤလူဖြူတို့မှာ မိမိတို့ ကြိုးစားလျှင် မိမိတို့ထက် သာမည့်သူများ မဟုတ်ကြောင်းနှင့် ပြန်လှန် ပြောပြကြလျက် ကြိုးလည်းကြိုးစားကြကြောင်းကိုကား မည်သူမျှ မငြင်းကွယ်နိုင် ဖြစ်လေပြီ။

ဤနည်းအားဖြင့် အနှစ် ၆၀၊ ၇၀ ကာလအတွင်း ဂျပန်ပြည်သည် အလွန်ကြီးကျယ်သည့် နိုင်ငံခြားစစ်ကြီး နှစ်ခု၌ ပါဝင်အစွမ်းပြခဲ့လျက် အင်ပါယာနိုင်ငံတော်ကြီး နှစ်ခု၏ ဦးကင်းကို နှိမ်ခဲ့၏။ နှိမ်ရုံမျှမက လှဲချခဲ့၏။ အလွန်အရေးပါ အရာရောက်သော ကိုလိုနီနိုင်ငံသုံးခုကို သိမ်းပိုက်ယူငင်ခဲ့၏။ ပြည်တွင်း၌ ဖြစ်ပျက်နေခဲ့သည့် ရန်စစ်တို့ကို ဖြိုဖျက်ပယ်ရှင်းကာ လယ်သမားဆင်းရဲသားတို့ကို တိုင်းကြီးပြည်ကြီးသားများဖြစ်အောင် ပြောင်းလွဲဖန်တီး

mgyoe.com

mgyoe.com


ပေး၏။ နိုင်ငံ၏ လွတ်လပ်ခြင်း အရသာကို အရှေ့တိုင်းနိုင်ငံများ အနက် ပထမဦးစွာ ခံယူလျက်ရှိခဲ့၏။ ကမ္ဘာတွင် ရေကြောင်းဌာနဓ္ဒ တတိယစွဲသော အခြေသို့တိုင်ရောက်အောင် စိုင်းပြင်းခဲ့ပြီဖြစ်၏။* ကမ္ဘာတွင် အကောင်းဆုံးသော စစ်တပ်ကြီးကို အခြားနိုင်ငံတို့နှင့် မခြား ဖွဲ့စည်းတည်ထောင်ထားခဲ့ပြီ ဖြစ်၏။ ပစိဖိတ်သမုဒ္ဒရာကြီး တစ်ခုလုံးကိုပင် မိမိ၏ အပိုင်အဖြစ်ဖြင့် ဝင့်ကျယ်ကာ သွားလာ ကူးသန်းလျက် ရှိခဲ့၏။ အရှေ့ဘက်တစ်လွှား၏ ဘုရင်သခင်အဖြစ်ဖြင့် အားလုံး၏ အသိအမှတ်ပြုခြင်းကို ခံခဲ့ရပြီဖြစ်၏။ အနောက်နိုင်ငံ သို့လည်း သွားရောက်ကျူးကျော်ကာ ကမ္ဘာ၏ တိုင်းပြည်ကြီးငါးခု တွင် တစ်ခုအဖြစ်သို့ရောက်အောင် ဝင်ခဲ့၏။*

ကမ္ဘာတစ်ခုလုံး လေးစားရန် ဖွဲ့စည်းတည်ထောင်ထားအပ် သော နိုင်ငံပေါင်းချုပ် အသင်းကြီးကို အခြားနိုင်ငံများ၏ ရှေ့မှောက်၌ တော်လှန်ပြီးလျှင် ပထမဆုံး ဆောင့်အောင့်ကာ ထွက်လာခဲ့၏။

ဂျိုးဇက်လောင်းဖို့ဆိုသူက ဂျပန်ပြည်သည် အလွန်ခိုင်မြဲ သော အစိုးရအား အလွန် သစ္စာရှိသော တိုင်းပြည် ပြည်သားတို့က ရှိသေကျိုးနွံရာ တိုင်းပြည်ကြီးဖြစ်ကြောင်း၊ ဂျပန်တို့မှာ မိမိတို့၏ ဘုရင်မင်းမြတ်နှင့် မိမိတို့၏ တိုင်းပြည်ကိုသာ အာရုံထားကြသော သူများဖြစ်ကြောင်း၊ ဂျပန်တို့သည် လောဘရမ္မက်ကြီးသော်လည်း လိမ္မာရေးခြားရှိကြောင်း၊ အေးချမ်းသာယာခြင်း၏ အမြိုက်အရသာကို ကောင်းစွာသိရှိလျက် စစ်မက်အတွက် အသင့်ပြင်ဆင်ထားကြောင်း၊ ဤကား ဂျပန်ပြည်၏ လက်ရှိအခြေအနေဖြစ်ပေရာ နောင် ၂၅ နှစ် ကြာသောအခါ ဤမျှလောက် ညီညွတ်ခိုင်ခံ့ ကြီးမားလျက် ရှိသည့်

---

* ဤ ၁၉၃၈ ခုနှစ်တွင် ပထမဆွဲနေပြီဟု ဂျပန်တို့ အဆိုရှိ၏။

mgyoe.com

mgyoe.com


ဂျပန်ပြည်သည် မည်ကဲ့သို့ ရှိပေအံ့နည်းဟူ၍ ရေးသားဖူး လေသည်။

ဂျပန်ပြည်ကား အရှေ့ဘက်နိုင်ငံများ၏ ခေါင်းဆောင်တိုင်းပြည်ကြီးဖြစ်ရန် ရည်ရွယ်ခဲ့၏။

ယခု ထိုရည်ရွယ်ချက် ပြည့်ခဲ့လေပြီ။ သို့အတွက် အရှေ့သို့ တစ်လှမ်းတိုးတက်ပြီးလျှင် ဤကမ္ဘာတစ်ဝှမ်းလုံး၏ ခေါင်းဆောင်တိုင်းပြည်ကြီးဖြစ်လာရန် ကြံရွယ်ခြင်းပြုနေပြန်၏။ ဤကြံရွယ်ချက်သည်လည်း အောင်မြင်ဦးမည်လော။

ဂျပန်ပြည်၏ ဖြစ်မြောက်မည်ဟု ယုံကြည်စိတ်ချတတ်သောသဘော၊ ဂျပန်ပြည်၏ မိမိကိုယ်ကို အားကိုးတတ်သောသဘော၊ ဂျပန်ပြည်၏ အနာဂတ်၊ ဤသုံးခုသော အရာတို့ကား လွန်စွာအသည်းအေးစရာ၊ ကျောချမ်းစရာကောင်းသော အရာတို့ပင်ဖြစ်ချေ၏။

သို့ဖြစ်ခြင်းကြောင့် မေးဖွယ်ရာ ပေါ်ပေါက်လာသည်မှာ ဤကမ္ဘာကြီး၌ ဂျပန်တို့၏ ယဉ်ကျေးခြင်းကိုသာ ကြီးစိုးတည်တံ့စေမည်ဆိုသော ဂျပန်သည် မည်သည့်နည်းဖြင့် မိမိရည်ရွယ်ချက်ပေါက်မြောက်အောင် ကြံရွယ်မည်နည်း။

ဂျပန်တစ်ပြည်တည်းကပင် ထိုမျှလောက် ထက်မြက်စူးရှပေါက်ရောက်ခြင်းရှိနေပါက အရှေ့တိုင်းနိုင်ငံတို့က ဝိုင်းဝန်းမြောက်ပင့်ကူညီပေးလျှင် အသို့နေအံ့နည်း။

■

mgyoe.com

mgyoe.com

## (က) ဂျပန်၏ နှစ်ခုတည်းသော အခက်အခဲ

ခရစ်နှစ် ၁၉၁၄ ခုနှစ်တွင် ကမ္ဘာစစ်ကြီး ဖြစ်ပွားသော အခါ ဤကမ္ဘာမြေပြင်တွင် ထင်သလို စစ်မက်အင်အားကို အသုံး ပြုနိုင်သော အင်ပါယာနိုင်ငံကြီး ငါးခုရှိရာ ၎င်းတို့မှာ ဂျာမနီ၊ ဩစတြေးလျ၊ တူရကီ၊ ရုရှားနှင့် ဂျပန်တို့ ဖြစ်လေသည်။

စစ်ကြီးပြီးသည့်နောက် ထိုအင်ပါယာနိုင်ငံတော်ကြီး ငါးခု အနက် လေးခုမှာ ပျက်ခြင်းမလှ ပျက်စီးယိမ်းယိုင်ခဲ့လျက် နိုင်ငံ တော်ကြီးတစ်ခုသာ ကျန်ရှိတော့ရာ ၎င်းမှာလည်း ဂျပန်သာ ဖြစ်ခဲ့ ချေ၏။

ယခုအခါ ဦးကျိုးသွားပြီဖြစ်သော ထိုအင်ပါယာနိုင်ငံကြီး လေးခုလုံးပင် ပြန်လည် ထူထောင်တန်သရွေ့ ထူထောင်လာကြပြီ ဖြစ်သော်လည်း ၎င်းတို့၏ စုဝေးရာ ဥရောပတိုက်၌ပင်လျှင် ရန်ဆူး ရန်ညောင့်များ လွန်စွာပေါသဖြင့် ၎င်းတို့၏ ထူထောင်ခြင်းမှာ ခရီးတွင်သင့်သလောက်မတွင်ဘဲရှိခဲ့ရာ၊ ထိုအတောအတွင်းတွင် ဂျပန် ပြည်သည် ဤကမ္ဘာမြေပြင်တည်းဟူသော စင်မြင့်ပေါ်သို့ တစ်ဦး တည်း ရဲရင့်စွာ ခုန်လွှား တက်ရောက်လာပြီးလျှင် အစွမ်းရှိသမျှ ထုတ်ဖော်ပြသခြင်း ပြုနေခဲ့လေပြီ။

mgyoe.com

mgyoe.com


ဂျပန်ပြည်၏ လက်ရှိ ကုန်ကူးသန်းရောင်းဝယ်ရေး၊ စီးပွားရေး စသည်တို့ကို လှမ်း၍ကြည့်လျှင်လည်း ကျွန်းစုကလေးများ၏ စုဝေးရာဖြစ်သော ဤဂျပန်ပြည်ကလေးမှာ မည်မျှလောက် ခရီးပေါက်ရောက်နေပြီဖြစ်ကြောင်း ကောင်းစွာ ရိပ်မိသိရှိနိုင်မည် ဖြစ်လေသည်။

ယခု ကမ္ဘာပေါ်ရှိ တိုင်းပြည်ကြီး အသီးသီးတို့မှာ ကမ္ဘာစစ်ကြီး၏ ကြီးလေးသောဒဏ်ကို ထမ်းနေကြရ၏။ ဂျပန်ပြည်ကား ထိုမျှလောက် လေးလံစွာ မထမ်းဆောင်ရရှိဘိ၏။

ဂျပန်ပြည်သည် မိမိပိုင် အလုပ်ရုံကြီးများ၊ ကုန်ကူးသန်းရောင်းဝယ်ရာ သင်္ဘောကြီးများ၏ အထောက်အပံ့ဖြင့် ကမ္ဘာကြီးတစ်ခုလုံးကို မိမိ၏ဈေးအဖြစ်ဖြင့် အသုံးချလျက်ရှိနေပြီ ဖြစ်၏။

ဂျပန်ပြည်၏ ရေတပ်အင်အားမှာ ကမ္ဘာတွင် တတိယအကြီးမားဆုံး ရေတပ်ဖြစ်ရာ ယခုအခါ အမေရိကန်၊ အင်္ဂလန်တို့နှင့် တူမျှသော အင်အားရရှိဖို့ကို တောင်းဆိုစိုင်းပြင်း ကြိုးစားခြင်းပြုနေဘိ၏။ •

ဂျပန်ပြည်၏ စစ်တပ်ကြီးမှာ ကောင်းစွာ ဖွဲ့စည်းထား၍ ပွဲတိုးခဲ့ရလှလေပြီ။

ဂျပန်ပြည်၏ နိုင်ငံရေးခေါင်းဆောင်ကြီးများသည် တိုင်းကျိုးပြည်ကျိုးကို ဟုတ်ဟုတ်ငြားငြား ဆောင်ရွက်ကြသည့် မျိုးချစ်ပညာရှိကြီးများ ဖြစ်ကြ၏။

---

• ဤ ၁၉၃၈ ခုနှစ်တွင်ကား တောင်းဆိုခြင်းပင် မပြုတော့ပြီ။ မိမိဘာသာ လိုရာရာကို ကောင်းစွာကုံလုံ အစုံအလင်ပင် ဖြည့်စွက်တပ်ဆင်ထားပြီ ဖြစ်၏။

mgyoe.com

mgyoe.com


ဤကဲ့သို့ အဖက်ဖက်က ပြည့်စုံကုံလုံနေသည့်အတွက် ဂျပန်ပြည်သည် ဤခေတ် ဤအခါ ဤကမ္ဘာ၌ အားအင်အရှိဆုံးသော တိုင်းပြည် ဖြစ်နေ၏။

စင်စစ်အားဖြင့် ဂျပန်ပြည်၏ တိုးပွားရေးကို ပိတ်ပင်နေသော အရာနှစ်ခု ရှိ၏။ ထိုအရာနှစ်ခုအနက် တစ်ခုမှာ တိုးတက်များပြားလာသော ဂျပန်ပြည်၏ လူဦးရေးအတွက် လုံလောက်စွာ ကျယ်ပြန့်သော နေရာထိုင်ခင်း မရှိသေးခြင်းပင်ဖြစ်၍ ကျန်တစ်ခုမှာ မိမိ၏ လုပ်ငန်းခွင်တို့အား ပိုမိုချဲ့ထွင်ရန် လိုအပ်သော အရာဝတ္ထု (ကုန်ကြမ်း)တို့ကို မိမိ၏တိုင်းပြည်မှ လုံလောက်စွာ မရရှိခြင်းပင် ဖြစ်လေသည်။

အစစအရာရာ၌ မရမနေဟူသော ဇွဲမျိုးဖြင့် တစ်သမတ်တည်း ကြိုးစားလုပ်ကိုင်၍လာခဲ့သော ဂျပန်သည် ဤအခက်အခဲနှစ်ခုကြောင့် ရှေ့သို့ တက်လှမ်းနိုင်ခြင်း မရှိသေးရာ ဤအခက်အခဲနှစ်ခုကို ဂျပန်ပြည်သည် ကြာမြင့်စွာ မိမိ၏ တိုးတက်ရာလမ်း၌ ထားမည်ဟု ထင်ဖွယ်ရာရှိသလော။

ဂျပန်သည် ထိုအခက်အခဲတို့ကို ပယ်ရှားလျက် ဖော်ပြရာပါအရာတို့ဖြင့် ပြည့်စုံခြင်းရှိရန် ရှေ့သို့တိုး၍ ကြည့်လိုက်သောအခါ အတိုင်းမသိ ချဲ့ထွင်နိုင်သေးသော ပြည်နီးချင်း တရုတ်ပြည်ကြီးကို မြင်ရလေ၏။

■

mgyoe.com

mgyoe.com

## (ခ) ငုပ်နေသော တရုတ်ပြည်ကြီး

တရုတ်ပြည်ကြီးမှာ တစ်ခါက ကမ္ဘာကြီး၏ အယဉ်ကျေးဆုံး ဌာနကြီး ဖြစ်ခဲ့၏။ ၎င်းပြည်ကြီးကမှ ယဉ်ကျေးခြင်းနှင့် ကြီးပွား တိုးတက်ခြင်းတည်း ဟူသော တရားနှစ်ပါးသည် တဖြည်းဖြည်း အနောက်ဘက်သို့ ရွေ့လျားကာ အာရေဗျပြည်၊ ထိုမှတစ်ဖန် မြေထဲ ပင်လယ်ကမ်းခြေရှိ ခေါမ၊ ရောမပြည်၊ ယင်းမှတစ်ထောက် ဥရောပ မြောက်ပိုင်းရှိ တိုင်းပြည်တို့ဆီသို့ ရောက်ရှိသွားခဲ့ရာမှ ယခုတစ်ဖန် အရှေ့ဘက် တိုင်းပြည်တို့သို့ အမေရိကန်ပြည်ဘက်မှ လှည့်၍ တစ်ပတ် ပြန်လည်လာစပြုပြီဖြစ်လေသည်။

ထို တစ်ပတ်စေ့မြောက်၍ တရုတ်ပြည်ကြီးသည် အတီး ကာလ ခါသမယကဲ့သို့ ဘုန်းမီးတောက်ပြောင်၊ ဘုန်းရောင်တင့်လျှမ်း ဘုန်းတန်း ကြီးမားလာက၊ ဤကမ္ဘာကြီးသည် မည်ကဲ့သို့ဖြစ်မည် နည်း။

သို့သော် တရုတ်ပြည်မှာ ယခုအခါ လွန်စွာ လမ်းမှား အားချင်းမမျှ၊ အကူအညီလည်း မရှိလှသောကြောင့် တရုတ်ပြည်၏ အတွက် ကမ္ဘာကြီးမှာ အသက်မရှူဝံ့အောင်ပင် ရှိချေ၏။ တရုတ် ပြည်၏ လက်ရှိ အခြေအနေသည် လွန်စွာ သေးသိမ်ညှိုးရော်နေ

mgyoe.com

mgyoe.com


သည်ဖြစ်ရာ အကယ်၍ လောဘရမ္မက်ကြီးသော နိုင်ငံခြားတစ်ခုခုက တရုတ်ပြည်အတွင်း ချဉ်းနင်းဝင်ရောက်လာလျက် အငိုက်ကိုဖမ်းချေသော် ချိန်သားရ၍နေသော ဤကမ္ဘာကြီးမှာ တိမ်းစောင်းမှောက်မှားအခြေများ ပျက်ဖို့ပင် ရှိလေသည်။

တရုတ်ပြည်ကြီးသည် ဤကမ္ဘာမြေပြင်တွင် စစ်သည်တော်သားများ၊ အလုပ်သမားများ အများပြားဆုံး သိုလှောင်ရာ ဒေသကြီးဖြစ်၏။ တရုတ်ပြည်တွင် သေမည်ကို မကြောက်မရွံ့၊ စွန့်စွန့်စားစား အလုပ်ကို ဟုတ်ဟုတ်ငြားငြား လုပ်ကိုင်ကြသော လူဦးရေသန်းပေါင်း ၅၀၀ ကို တွေ့မြင်ရ၏။ ကမ္ဘာပေါ်၌ ကျန်ရှိနေသော အများဆုံး သတ္တုမြုပ်များ၊ ကျောက်မီးသွေးများ၊ သံများမှာ ဤတရုတ်ပြည်ကြီး၌ ရှိ၏။ ယခု နှုန်းဖြင့်သုံးနေသော ကျောက်မီးသွေးကို တရုတ်ပြည်သည် ရှေ့အနှစ် ၁၀၀ အတွင်း မကုန်နိုင်၊ မခန်းနိုင်အောင် ထုတ်ဖော်ပေးနိုင်၏။ မင်းစိုးရာဇာ အဖြာဖြာတို့ ကာလရှည်ကြာစွာ အုပ်စိုးလာခဲ့ရာဖြစ်သော တရုတ်ပြည်ကြီးမှာ ယခုအခါ သမ္မတနိုင်ငံဖြစ်လျက် ထိုသမ္မတနိုင်ငံတွင်လည်း ကမ္ဘာ၏ ပြင်းထန်သော ဒီလှိုင်းတို့သည် အတိုင်းမသိ ရိုက်ပုတ်နေကြဘိ၏။

တရုတ်ပြည်ကြီး၏အကြောင်းနှင့် စပ်လျဉ်း၍ ခရစ်နှစ် ၁၉၁၆ ခုနှစ်တွင် အင်္ဂလန်ပြည်၌ ဟိဂ်စစ်ဗိုလ်ကြီး ပြောသွားသော စကားမှာ မှတ်သားဖွယ်ရာ ဖြစ်၏။

ဟိဂ်က အနာဂတ်အဖို့၌ ပေါ်ပေါက်လတ္တံ့သော အငြင်းအခုံတို့၏ ဗီဇကလေးများကို ကမ္ဘာအနံ့အပြားတွင် တွေ့ရှိသည်ဟု ဆိုနိုင်ကြသော်လည်း တရုတ်ပြည်၌ ထိုဗီဇတို့သည် အရှိန်ပြင်းစွာနှင့် ပေါက်ပွားလာကုန်အံ့။ သတင်းစာများ၊ နိုင်ငံရေးသမားများက လူဝါတို့၏ ဘေးဟုဆိုကာ ရေးကြ၊ သားကြ၊ ပြောကြ၊ ဟောကြခြင်းမှာ

mgyoe.com

mgyoe.com


အချည်းနှီး အလဟဿ ဖြစ်ကတတ်ဆန်း ရေးသားနေကြခြင်းမဟုတ်။ အင်္ဂလိပ်တို့သည် ကမ္ဘာစစ်ကြီးအတွင်းက တရုတ်စစ်သား၊ အလုပ်သမားတို့ မည်မျှတတ်စွမ်းနိုင်သည်ကို ပြင်သစ်ပြည်တွင် တွေ့မြင်ခဲ့ကြရပြီ ဖြစ်၏။ ၎င်းတို့သည် ကျွမ်းကျင်သည်ဖြစ်စေ၊ မကျွမ်းကျင်သည်ဖြစ်စေ အကြိုးစားဆုံး ဥရောပတိုက်သား အလုပ်သမားတို့ကဲ့သို့ပင် ကောင်းမွန်ကျင်လည်စွာ လုပ်ကိုင်နိုင်ကြပေ၏။ ၎င်းတို့သည် သူတစ်ပါးတို့ထက် ဖွဲ့ခံနိုင်ကြ၏။ ၎င်းတို့ တစ်ချီတက်လာလျှင် ကမ္ဘာကြီး သွက်သွက်ခါနိုင်သည် အစရှိသဖြင့် ထုတ်ဖော်ပြောဆို သတိပေးခဲ့လေသည်။

လွန်ခဲ့သည့် အနှစ် ၂၀ အတွင်း တရုတ်တို့သည် အခြားလူမျိုးတို့ လုပ်ပုံကိုင်ပုံကို မြင်တွေ့ကြရသဖြင့် မကျေနိုင်၊ မချမ်းနိုင်ဖြစ်ကာ တစ်ဟုန်တည်း အမီလိုက်လျက် ကြီးပွားတိုးတက်ခြင်း၏ အမြိုက်အရသာကို ခံစားလိုစိတ်တို့ တဖိတ်ဖိတ် တရှရှ တက်ကြွ၍ လာလေ၏။

ကမ္ဘာစစ်ကြီးအတွင်းက သွားရောက် အမှုထမ်းခဲ့သူများနှင့် စစ်ပြေငြိမ်းပြီးနောက် ယခုအထိ အနောက်နိုင်ငံတို့သို့ သွားရောက်ပြီး ပြန်လာကြသူတို့သည် လောကဓာတ်ဉာဏ် အဆန်းအသစ်များကို ယူဆောင်၍ လာခဲ့ကြ၏။ ထို့နောက် အတုယူကာ လိုက်နာလုပ်ကိုင်ခြင်းဖြင့် မိမိတို့၏ အခြေအနေကို တိုးမြှင့်ခဲ့ကြသည်ဖြစ်ပေရာ ယခုအခါ၌ အနောက်နိုင်ငံ၏ အေးငြိမ်းရန် စီမံကြံရွယ်ချက်တို့ပင် ဤတိုးတက်ရေးကြောင့် လုံးဝ ပျောက်ပျက်ရမည်ကဲ့သို့ ရှိနေခဲ့ချေပြီ။

ကမ္ဘာ၏ ကံကြမ္မာကို ဥရောပတိုက် ဂျီနီဗာမြို့ရှိ နိုင်ငံပေါင်းချုပ်အသင်းကြီးကသာ ဖန်တီး၍နေသည်မဟုတ်။ ဖန်တီး၍နေသည်ဟု ထင်လျှင် မှားမည်သာဖြစ်၏။ ကမ္ဘာကြီး၏ ကံကြမ္မာကို အရှေ့တိုင်း

mgyoe.com

mgyoe.com


နိုင်ငံတို့၌ တွေ့မြင်ရသော လက်ဖက်ရည်ဝိုင်းကလေးများက အချိန်မရွေး ဆုံးဖြတ်ဖန်တီးနိုင်သေး၏။

တောပုန်းသူပုန်တို့၏ သောင်းကျန်းရာဖြစ်သော ဤ တရုတ်ပြည်ကြီးသည် ရုတ်တရက် နိုးကြားလာလျက် အနာဟောင်းတို့ ကျက်ပြီဆိုသော် တရုတ်လူမျိုးတို့ကပင်လျှင် ကမ္ဘာ၏ ငြိမ်းချမ်းရေး ပြဿနာကို ဖြေရှင်းရမည်သာ ဖြစ်၏။ ထိုအခါတွင် တရုတ်တစ်ယောက်လျှင် ဗုံတစ်လုံးနှင့် တူမျှမည်ဖြစ်လေသည်။

ဤမျှလောက် အရေးပါမည့် တရုတ်ပြည်ကြီးအား ဂျပန်ပြည်က အစဉ်မပြတ် မျက်စောင်းထိုး၍နေခြင်းသည် အံ့ဩဖွယ်ရာလော။

■

mgyoe.com

mgyoe.com

## (၈) ဂျပန်နှင့် တရုတ်

ဂျပန်နှင့် တရုတ်တို့သည် မကြာခဏ စစ်မက်ဖြစ်ပွားလျက် ရှိကြ၏။

ဂျပန်ပြည်၏သဘောမှာ တရုတ်ပြည်ကြီး၏ အနာဂတ်ကို ဂျပန်တို့ကပင်လျှင် ထိန်းသိမ်းစောင့်ရှောက်ရမည် ဟူ၍ဖြစ်ရာ တာဝန်ကို မိမိတို့ဘာသာ သတ်မှတ်၍ မိမိတို့ဘာသာ ထမ်းဆောင်ရာ၌ ဂျပန်ပြည်သည် အကြမ်းအနု ဤနှစ်ခုတွင် အခါအခွင့်ကိုကြည့်လျက် ဆောင်ရွက်သွားမည်သာ ဖြစ်လေသည်။

တရုတ်ပြည်တွင် ဂျပန်တို့ လောဘရမ္မက်ကြီးခြင်းကို ကျွန်ုပ်တို့ မကြာခဏ ကြားသိတွေ့မြင်ရသည်ဖြစ်ရာ အရှေ့ဘက်တစ်လွှား အကြောင်း ကောင်းစွာ နားလည်ကြကုန်သော တရုတ်ပုဂ္ဂိုလ်ကြီးများနှင့် အမေရိကန်လူမျိုးတို့က တရုတ်ပြည်အား ဂျပန်ပြည်သည် တစ်နေ့နေ့တွင် မုချဆတ်ဆတ် သိမ်းပိုက်ခြင်းပြုအံ့ဟူ၍ စိတ်နှလုံး ဒုန်းဒုန်းချပြီး ဖြစ်လေသည်။

ဂျပန်ကလည်း သိမ်းပိုက်ခြင်းပြုမည့်အကြောင်းကို ပုန်းလျှိုး ကွယ်လျှိုး ပြုလုပ်နေသည်မဟုတ်။ ခရစ်နှစ် ၁၉၁၆ ခုနှစ်ဆီကပင် အတိအလင်း ကြေညာခဲ့ဖူးသည်ဖြစ်ရာ လိုရာကို အောက်တွင် ကောက်နုတ် ဖော်ပြလိုက်ပေဦးအံ့။

mgyoe.com

mgyoe.com


ဂျပန်တို့၏ ကြေညာချက်တွင် ဤကမ္ဘာမြေပြင်ကြီးအား ခြေတင်ပြီး အုပ်ချုပ်စိုးမိုးရန် ကျွန်ုပ်တို့တွင် လူဦးရေ သန်းပေါင်း ၅၀ ကျော်ရှိ၏။ ရှေ့သို့ကြည့်သော် ပျော်ဖွယ်ရာအစစ် ဖြစ်ကြီးဖြစ်ပါတကား။ ဦးစွာပထမ ကျွန်ုပ်တို့သည် တရုတ်ပြည်ကို သိမ်းပိုက်ယူငင်တော့မည်။ တရုတ်ပြည်သည် ကျွန်ုပ်တို့၏ မြင်းပင်ဖြစ်တကား။ ထိုမြင်းဖြင့် ကျွန်ုပ်တို့သည် စကြဝဠာတံတိုင်းသို့ရောက်သည့်တိုင်အောင် စိုင်းနှင်းစိုးမိုးကုန်အံ့။ ဤသို့လျှင် ကျွန်ုပ်တို့၏ လူဦးရေ ၅၀,၀၀၀,၀၀၀ သည် ၅၀၀,၀၀၀,၀၀၀ ဖြစ်လာလတ္တံ့။ ကျွန်ုပ်တို့၏ သန်းပေါင်း အနည်းငယ်မျှသော ပစ္စည်းတို့လည်း ကုဋေကုဋာ မရေမတွက်နိုင်အောင် ဖြစ်လာလေအံ့။

ကျွန်ုပ်တို့သည် ယခု တရုတ်ပြည်ကြီးတည်းဟူသော မြင်းကို စိုင်းနှင်၍ စီးခဲ့လေပြီ။ သို့သော် ဤမြင်းမှာ ကာလရှည်ကြာစွာ ကပင် စည်းမဲ့ကမ်းမဲ့ အရိုင်းပီပီ ပြေးလွှားခုန်ပေါက်နေခဲ့ခြင်းကြောင့် မောဟိုက်လျက်ရှိ၏။ ဤမြင်းကို ကောင်းစွာမွေး၍ ကောင်းစွာ ကျွေးပြီးလျှင် ကောင်းစွာ သွန်သင်ပြသကြစို့ဦးအံ့။ ကျွန်ုပ်တို့၏ ကုန်းနှီးတို့လည်း ကောင်းစွာ မခိုင်မြဲကြသေး။ ထိုကုန်းနှီးတို့သည် စစ်မြေပြင်သို့ရောက်အောင် ကောင်းစွာ ခိုင်ခံ့ပါ၏လော။

သို့သော် ကျွန်ုပ်တို့သည် တရုတ်ပြည်အား ကျွန်ုပ်တို့ အောင်ပွဲသို့စီးသော မြင်းဖြစ်စေအံ့။ ကျွန်ုပ်တို့၏ အောင်ပွဲသည် ကုန်းမြေပေါ်၌ ဖြစ်မည်လော။ အိန္ဒိယပြည်သည် ကျွန်ုပ်တို့၏ ပထမ အောင်ပွဲ ဖြစ်မည်လော။ သို့မဟုတ် ဤပစိဖိတ် သမုဒ္ဒရာကြီးအား ငါတို့ တစ်ဦးတည်းပိုင်ဖြစ်အောင် ပြုလုပ်မည်လော။ အတ္တလန္တိတ် သမုဒ္ဒရာသည် အင်္ဂလန်အတွက်သတ်သတ် ဖြစ်ရဘိသကဲ့သို့ ပစိဖိတ်

mgyoe.com

mgyoe.com


သမုဒ္ဒရာကြီးသည်လည်း ငါတို့အတွက်သတ်သတ် ဖြစ်စေအံ့။ ကုန်းမြေ၌ တိုက်ခိုက်ရခြင်းကား လွယ်ကူ၏။ သို့သော် ဘေးအန္တရာယ်များလှစွာ၏။ သို့ဖြစ်၍ သမုဒ္ဒရာသည်သာ ငါတို့ ရှေးဦးစွာ အောင်ပွဲခံရာ အရပ်ဖြစ်အံ့ အစရှိသဖြင့် ထုတ်ပြန်ကြေညာခြင်း ပြုခဲ့ဖူးရာ ထိုအခါက ကြေညာချက်ကို ကြားရ၍ သိမ့်သိမ့်ပြည်းမျှ တုန်လှုပ်သောအရှိန်သည် ယခုတိုင် မသေသေးတကား။

ဤသို့အားဖြင့် တရုတ်ပြည်ကြီးကို သိမ်းပိုက်ရန် ဂျပန်၏ ကြံရွယ်ခြင်းမှာ အတိအလင်းဖြစ်၍နေရာ ထိုကဲ့သို့ ကြံရွယ်ခြင်းကို မည်သည့် အနောက်နိုင်ငံကမျှ ကြိုက်နှစ်သက်ခြင်း မရှိချေ။

ဂျပန်၏အဆိုမှာ * တရုတ်ပြည်ကြီး၏ စည်းလုံးညီညွတ်ခြင်း၊ ငြိမ်ဝပ်ပိပြားခြင်းသည် ဂျပန်၏ အကြောင့်အကြဖြစ်ကြောင်း၊ တစ်ဖန် ထိုညီညွတ်စည်းလုံးခြင်းနှင့် ငြိမ်ဝပ်ပိပြားခြင်းကို တရုတ်ပြည်ကြီးအား နီးကြားလာအောင် နှိုးဆွပေးခြင်းဖြင့်သာ ရရှိနိုင်ရာသည်ကို ရာဇဝင်လမ်းကြောင်း တစ်မျှဉ်းဟောင်းတို့က ပြကြောင်း၊ တရုတ်ပြည်သည် ဂျပန်အား ပစ်ပယ်လိုသောသဘောဖြင့် အခြားသောတိုင်းပြည်တစ်ခုခု၏ အကူအညီကိုရဲယူရန် ကြံရွယ်ချေက၊ ထိုကြံရွယ်ချက်မှာ အာရှတိုက်၏ အရှေ့ပိုင်း ငြိမ်းချမ်းရေးကို ပျက်ပြားစေမည်ဖြစ်သောကြောင့် ဂျပန်က အရေးယူကန့်ကွက်ရလိမ့်မည်ဖြစ်ကြောင်း၊ အရှေ့ပိုင်း ငြိမ်းချမ်းရေး ပြဿနာကို ဂျပန်တစ်ပြည်တည်းကသာ ဖြေရှင်းယူရမည်ဖြစ်ရာ အခြားတိုင်းပြည်ကြီးများ ဝင်ရောက်စွက်ဖက်ခြင်း၊ ဩဇာအာဏာပေးခြင်းကို ခံယူလိမ့်မည်မဟုတ်ကြောင်း၊ တစ်ဖန်

* ၁၉၃၄ ခုနှစ် ဧပြီလ ၁၈ ရက်နေ့ထုတ် ဂျပန် အက်ဒဗာတိုက်ဇားသတင်းစာ၌ ဖော်ပြပါရှိသည့်အတိုင်း။

mgyoe.com

mgyoe.com


တရုတ်ပြည်အား လေယာဉ်ပျံများပေးသွင်းခြင်း၊ တရုတ်ပြည်တွင် လေယာဉ်ပျံရုံများ ဆောက်လုပ်ခြင်း၊ စစ်ဘက်ဆိုင်ရာ အကြံပေး အရာရှိများ စေလွှတ်ခြင်း၊ နိုင်ငံရေးအတွက် သုံးစွဲရန် ကန်ထရိုက် စာချုပ်ခြင်းတို့သည် တရုတ်ပြည်မှ ဂျပန်နှင့် နိုင်ငံခြားသားများ ဆုတ်ခွာရအောင် ပြုလုပ်ခြင်းဖြစ်၍ ထိုအစီအမံများကို ဂျပန်သည် ကန့်ကွက်ရမည်သာဖြစ်ကြောင်းနှင့် အတိအလင်း သတိပေးခဲ့၏။

ဂျပန်က ထိုသို့ ထုတ်ဖော်ပြောဆို၍ အင်္ဂလိပ်တို့မှာ ရေငုံ၍ မနေသာတော့သည့်အားလျော်စွာ ဘိလပ်အောက်လွှတ်တော်တွင် ထိုစဉ်က နိုင်ငံခြားရေးဝန်ကြီးဖြစ်သော ဆာဂျွန်ဆိုင်မွန်က ဗြိတိသျှအစိုးရတို့၏သဘောမှာ တရုတ်ပြည်၏ စည်းလုံးညီညွတ် ပိပြားသေဝပ်ခြင်းကို ပျက်ပြားစေမည့် အန္တရာယ်တို့ကို ပယ်ရှားသုတ်သင်လိုခြင်း ဖြစ်၍ ထိုသို့ ဘေးရန်ဖြစ်ပွားမည့်နိမိတ်ကို မြင်သည့်အခါ ဂျပန် တစ်ပြည်တည်းကသာ ပယ်ရှားခုတ်ထွင် သုတ်သင်မည်ဆိုခြင်းကို မိမိတို့ မည်သည့်နည်းနှင့်မျှ အခွင့်မပြုနိုင် * ဟု ထုတ်ဖော်ချေပ ပြောဆိုခဲ့ရ၏။

အမေရိကန် အစိုးရကလည်း မည်သည့် တိုင်းပြည်နိုင်ငံ မဆို အခြားသော တိုင်းပြည်နိုင်ငံတို့၏ တရားသော အခွင့်အရေး တို့ကို ထိခိုက်မည့် ကိစ္စမှန်က တစ်ဦးတည်းသော တိုင်းပြည်က ဒိုင်ခံ၍ ထင်သလို ဆောင်ရွက်ခြင်းကို ခံယူလိမ့်မည်မဟုတ်ကြောင်း နှင့် ဖြေကြားခဲ့၏။ **

---

* တရုတ်ပြည် ၁၉၃၄ ခုနှစ် မှတ်တမ်းစာအုပ်ကြီး စာမျက်နှာ ၇၂၇ ၌ကြည့်။

** တရုတ်ပြည် ၁၉၃၄ ခုနှစ် မှတ်တမ်းစာအုပ်ကြီး စာမျက်နှာ ၇၂၈ ၌ကြည့်။

mgyoe.com

mgyoe.com


ဤမျှဖြင့်ပင် တရုတ်ပြည်ကြီး၌ ဂျပန်ထင်သလို ခြယ်လှယ်ခြင်းကို မည်သည့်အနောက်နိုင်ငံကြီးကမျှ မကြိုက် မနှစ်သက်ကြောင်း ထင်ရှားလောက်ပေပြီ။

သို့သော် ဂျပန်တို့ကား မိမိတို့၏ မူလ ရည်ရွယ်ချက်အတိုင်း မနားမနေ တရုတ်ပြည်ကြီး၏အတွင်းသို့ တဖြည်းဖြည်း ဖောက်ထွင်းချဉ်းနင်းလျက် ရှိနေပြီဖြစ်ရာ တိုက်ခိုက်၍ ရသည်ဖြစ်စေ၊ အချင်းချင်း သင့်မြတ်၍ဖြစ်စေ တရုတ်နှင့် ဂျပန်တို့ ပေါင်းသင်းဖက်စပ်မိလျှင် ထိုသို့ ပေါင်းသင်းဖက်စပ်မိသောနေ့သည် ဤအာရှတိုက်ကြီး၌ မီးစတင်၍ ပွင့်မည့်နေ့ပင် ဖြစ်ခဲ့ချေ၏။

သို့ဆိုသော် အနောက်နိုင်ငံဖြစ်သော ဥရောပတိုက်သည်လည်း သက်သာမည်ဟူ၍ ထင်မှတ်ဖွယ်မရှိ။

တရုတ်ပြည်သည် အတွင်းစစ်များ၏ဒဏ်ချက်ကြောင့် မလှုပ်မယှက်သာဘဲ အဘယ်မျှပင် ယခုအခါ နိမ့်ကျအားလျော့၍ နေစေကာမူ ဂျပန်ပြည်နှင့် တစ်နည်းနည်းအားဖြင့် ပူးပေါင်းမိသော် မုချပင် အင်အားကြီးမား၍ လာမည်ဖြစ်၏။

ထိုအခါတွင် အနောက်နိုင်ငံသားတို့ လွန်စွာ စိုးရိမ်ကြောက်လန့်နေသော လူဝါတို့၏ဘေးသည် နီးကပ်သည်ထက် နီးကပ်၍ လာလေမည်။ အချုပ်အားဖြင့်ဆိုရသော် ဂျပန်အုပ်ချုပ်သော တရုတ်ပြည်သည် ဤလက်ဝါးကြီးအုပ်လိုသော မျက်နှာဖြူ တိုင်းပြည်ကြီးများ၏ ဘဏ္ဍာတော်ဖြစ်သည့် ကမ္ဘာကြီးအား အစဉ်မပြတ် တုန်လှုပ်ချောက်ချားစေလိမ့်မည် မလွဲဧကန် အမှန်စင်စစ် ဖြစ်ကြီးဖြစ်ချေ၏ တကား။

■

mgyoe.com

mgyoe.com

## (ဃ) အိန္ဒိယပြည်၏ သဘောထား

အရှေ့တိုင်း နိုင်ငံ၏အကြောင်းကို ရေးသားရာတွင် ကျွန်ုပ်တို့ မြန်မာပြည်လည်း အကျုံးဝင်သော အိန္ဒိယပြည် * အကြောင်းကိုလည်း ဖော်ပြရမည် ဖြစ်ပေ၏။

ယခုအခါတွင် အိန္ဒိယပြည်ကြီးသည် နိုင်ငံရေး အပြောင်းအလွဲနှင့် ကြုံကြိုက်လျက်ရှိနေရာ မည်မျှပင် အလိုတော်ရိဂိုဏ်းတို့က လေချိုသွေးကြစေကာမူ ကွန်ဂရက်အဖွဲ့ကြီး၏ သြဝါဒခံ သန်းပေါင်းများစွာသော ပြည်သူပြည်သားတို့မှာကား မိမိတို့အား အနောက်နိုင်ငံ

---

* ဤအခန်းကို ၁၉၃၅ ခုနှစ် ဧပြီလ ၁၂ ရက်နေ့က ရေးရာ၊ ထိုအခါက မြန်မာပြည်ကို အိန္ဒိယပြည်မှ ခွဲခွာခြင်း မရှိသေးချေ။ တစ်နည်းအားဖြင့် ဤနှစ်ပြည်သည် အင်္ဂလိပ်အစိုးရတို့၏ လက်အောက်ခံနိုင်ငံ ဖြစ်ရှိနေသမျှ ကာလပတ်လုံး တစ်ပြည်နှင့်တစ်ပြည် ခွဲခြား+ရမည်မဟုတ်။ ဘိလပ်အစိုးရတို့၏စိတ်တွင် နှစ်ပြည့်တစ်ပြည်လုပ်ကာ ကာကွယ်ရေး အစီအမံများကို ပြုလုပ်နေမည်သာ ဖြစ်လေသည်။ ဆိုလိုရင်းကား အိန္ဒိယပြည်လည်း အင်္ဂလိပ်လက်အောက်ခံ၊ မြန်မာပြည်လည်း အင်္ဂလိပ်လက်အောက်ခံဖြစ်၍ အင်္ဂလိပ်တို့တွင် ဂျပန့်ရန်ကို ကာကွယ်ရန်အရာ၌ ထူး၍ ခြားနားထားခြင်း မရှိလေတော့ပြီ။

mgyoe.com

mgyoe.com


သား မျက်နှာဖြူများနှင့် မခွဲခြားဘဲ တစ်တန်းစားတည်းထားရန်ကို များစွာ ဆူပူတောင်းဆိုလျက် ရှိနေပေ၏။

အိန္ဒိယပြည်၏ တောင်းဆိုချက်မှာ လွန်လွန်းသည်မဆိုသာ၊ ယခု နိုင်ငံသခင် အရှင်စိုးမင်း ဖြစ်ကြကုန်သော အင်္ဂလိပ်တို့ ဤကမ္ဘာမြေပြင်တွင် ပေါ်ပေါက်ခြင်း မရှိသေးမီ ပဝေသဏီကပင် မြန်မာပြည် အပါအဝင် အိန္ဒိယပြည်ကြီးမှာ များစွာ ယဉ်ကျေးလျက် ကိုယ့်ကနက် ကိုယ့်နန်းနှင့် ကိုယ့်တိုင်းခန်းကို ကိုယ်အုပ်စိုးမင်းမူနေခဲ့ကြသည်ဖြစ်သောကြောင့် ဤအကြောင်းမသင့် အခွင့်မလှသော အလှည့်တွင် မျက်နှာဖြူတို့၏ ဩဇာအာဏာ၌ ပျပ်ဝပ်စင်းစင်း ရှိသေခြင်း ပြုရသည့်တိုင်အောင် ရှေးစိတ်ရှေးမာန်တို့ မပျောက်သေးဘဲ ယုတ်စွအဆုံး ညီတူညီမျှဖြစ်သော အခြေအနေ၌ တည်မြဲစေရန် ရည်သန်စိတ်ထားမှာ တဖွားဖွား ထက်သန်လျက်ရှိနေခြင်း ဖြစ်လေ၏။

အကယ်၍ ထိုတောင်းဆိုချက်ကို မပေးမအပ်ခဲ့လျှင် အိန္ဒိယပြည်သားတို့သည် အရှေ့ဘက်တိုင်းသားတို့နှင့် အချင်းချင်း ခွဲမနိုင်ခွာမရအောင် ပေါင်းသင်းမိချေက မုချပင် မဖြစ်တန်သောအရာတို့ ဖြစ်လာမည် ဖြစ်လေသည်။

အရှေ့ဘက်တစ်လွှားတွင် အနားမနေ တစေနိစ္စ အရိပ်အကဲကိုသာ စောင့်ကြည့်နေသော ဂျပန်သည် အာရှတိုက်ရှိ လူအမျိုးမျိုးတို့ မိမိတို့ အချင်းချင်း စိတ်တူသဘောတူ ပေါင်းသင်းခြင်းကို များစွာ လိုလားတောင့်တ ဆွဲဆောင်နိုင်သမျှ ဆွဲဆောင်နေကြချေ၏။

ဤကဲ့သို့ ဆွဲဆောင်နေခြင်းမှာ ယခုသာမဟုတ်၊ ၁၉၀၇ ခုနှစ်ဆီကပင်လျှင် ဂျပန်ပြည်၏ ခေါင်းဆောင်ပုဂ္ဂိုလ်ကြီး အိုကူမာ ပြောသွားသော စကားတစ်ရပ် ရှိလေသည်။ အိုကူမာ၏ အာဘော်အရ ဥရောပတိုက်သားတို့ ဖိစီးခြင်းကြောင့် အိန္ဒိယပြည်၏ လူပေါင်း

mgyoe.com

mgyoe.com

၃၀၀,၀၀၀,၀၀၀ သည် ဂျပန်တို့အား ခိုလှုံရန် ကြဲရွှယ်မျှော်ငံ့လျက် ရှိလေပြီ။ ထိုသူတို့သည် ဥရောပတိုက်ဖြစ် ကုန်စည်တို့ကို သပိတ် မှောက်စ ပြုပြီဖြစ်၏။ သို့ဖြစ်သောကြောင့် အကယ်၍ ဂျပန်တို့သည် မုတ်ဆိတ်၌ စွဲလာသောပျားကို ရှုပ်သည်ဟု ပုတ်ချသူပမာ၊ မိမိတို့၏ အခွင့်အရေးကြီးကို လွဲဖယ်လျက် အိန္ဒိယပြည်သို့ မသွားမရောက် ချေသော် အိန္ဒိယပြည်သည် ကြီးစွာ စိတ်ပျက်ခြင်းဖြစ်လတ္တံ့။ ရှေး အခါကာလ သမယမှစ၍ အိန္ဒိယပြည်ကား အလွန်ချမ်းသာကြွယ်ဝ သော တိုင်းပြည်ကြီးတစ်ခု ဖြစ်ခဲ့ချေ၏။ ခေါမပြည်မှ အလက်ဇင်ဒါ ဘုရင်သည် အိန္ဒိယပြည်သို့ လာရောက်လျက် ရွှေ ငွေ ဘဏ္ဍာ အဖြာဖြာတို့ကို ယူနိုင်သမျှ ယူ၍သွားခဲ့ပြီဖြစ်၏။ မဟာမက်နှင့် အတ္တိလာတို့သည်လည်း အိန္ဒိယပြည်မှပင် ချမ်းသာကြွယ်ဝသော ဥစ္စာတို့ကို ရယူသွားကြကုန်၏။

ထိုသို့ဆိုလျှင် ယခု အိန္ဒိယပြည်က ဂျပန်ပြည်အပေါ် အထင် ကြီးနေသည့်အခါ * ဂျပန်ပြည်သည် မည်သည့်အကြောင်းကြောင့် ထိုပြည်သို့ မဖြန့်ဘဲ ရှိရမည်နည်း။

---

* ယခု ကွန်ဂရက်ဥက္ကဋ္ဌ ပဏ္ဍစ်ဂျဝါဟာလာနေရူး၏လက်ထက်တွင် အိန္ဒိယပြည်က ဂျပန်အပေါ်၌ အထင်ကြီးနေသည်ဟူသောစကားကို သုံးမှသုံးနိုင်တော့မည်။ နေရူးမှာ အင်ပါယာ နယ်ချဲ့သောစနစ် မှန်က မည်သည့်စနစ်ကိုမျှ သဘောမကျသူဖြစ်၍ ဂျပန်အား ပြင်းထန်စွာ ပုတ်ခတ်ရှုတ်ချနေချေ၏။ သို့သော် ၁၉၃၇ ခုနှစ် မေလ ၁၉ ရက်နေ့က ရန်ကုန်မြို့ ဂျူဗလီဟောရုံကြီးတွင် တရားဟော ပြောရာ၌ နေရူးက ဤကမ္ဘာမှာ မီးတောင်ကြီး၏ နှုတ်ခမ်းဝ၌ တေ့လျက် တည်ရှိရာ ထိုမီးတောင် မည်သည့်အခါတွင် ပေါက်မည်ဟု အတည်တကျ မည်သူမျှ မပြောနိုင်။ အကယ်၍ ဥရောပတိုက်

mgyoe.com

mgyoe.com


ဂျပန်တို့သည် အိန္ဒိယပြည်သို့ လည်းကောင်း၊ တောင်ပိုင်းသမုဒ္ဒရာတို့သို့ လည်းကောင်း၊ ကမ္ဘာ၏ အခြားအရပ်ဒေသတို့သို့ လည်းကောင်း သွားရမည်သာဖြစ်ကြောင်းနှင့် အိုကူမာက ကြေညာတိုက်တွန်းခဲ့ဖူးချေ၏။

■

နိုင်ငံများသည် ဆက်လက်၍ လက်နက်တပ်ဆင်သွားကြလျှင် စစ်ဖြစ်ရန်မှာ နှစ်နှစ်သော် /လည်းကောင်း၊ သုံးနှစ်သော် လည်းကောင်းလိုတော့အံ့။ အကယ်၍ စစ်ဖြစ်ခဲ့လျှင် အိန္ဒိယပြည်နှင့် မြန်မာပြည်ကိုထိလိမ့်မည် မဟုတ်ဟုထင်လျှင် မှားလိမ့်မည်။ ဤနိုင်ငံများသို့လည်း ကမ္ဘာစစ်ကြီး၏ အခိုးအငွေ့တို့ ကူးစက်ကုန်လတ္တံ့ဟူ၍ ဆိုခဲ့၏။ ထိုသို့ စစ်ဖြစ်လျှင် အိန္ဒိယပြည် မြန်မာပြည်မှာ တစ်ဖက်ဖက်သို့ ရွေးချယ်ရလိမ့်မည်ဖြစ်ရာ ထိုအခါတွင် ဂျပန်တို့၏ တွက်ကိန်းသည် မှန်၍နေလေမည်လော။

mgyoe.com

mgyoe.com

# (၄) တိဘက်ပြည်ကတစ်မောင့်

အရှေ့တိုင်း နိုင်ငံများ၏အကြောင်းကို ရေးသားရာတွင် ချန်လှပ်ထားခြင်းငှာ မအပ်သော တိုင်းပြည်တစ်ခုရှိသေးရာ ထို တိုင်းပြည်၏ အနာဂတ် ရှေ့ရေးမှာလည်း မတွေးသာ မကြံသာအောင် ရှုပ်ထွေးပွေလီမ်လျက် ရှိချေသောကြောင့် ဤကမ္ဘာကြီး ပျက်စီးမည် ရှိရာတွင် ၎င်းပြည်သည် မည်ကဲ့သို့ ပါဝင်မည်။ ပါဝင်နိုင်မည်ကို ကြိုတင် သိရှိကြစိမ့်သောငှာ အကျဉ်းမျှ ထုတ်ဖော်ရေးသားလိုက်ပေ ဦးအံ့။

အကျယ်အဝန်းအားဖြင့် ကြီးကျယ်သည်ဟုပင် မဆိုလောက် သော်လည်း ဤကမ္ဘာ၏ အနာဂတ်အဖို့တွင် လွန်စွာ အရေးကြီး လာမည့် ဖော်ပြရာပါ တိုင်းပြည်မှာ အိန္ဒိယပြည်မှလားသော် ဟိမဝန္တာ တောင်တန်းကြီး၏ မြောက်ဘက်တွင် ကပ်လျက်တည်ရှိ၍ တရုတ် ပြည်မှဆိုသော် အနောက် သို့မဟုတ် အနောက်တောင်ဘက်တွင် တည်ရှိပြီးလျှင် မြန်မာပြည်မှ မျှော်မှန်းလျှင် အနောက်မြောက် တစ် ခွင်၌ တည်ရှိသော တိဘက်ပြည်ပင် ဖြစ်ချေသည်။

ထိုပြည်ကို ရှေးအထက်ထက်က တရုတ်လူမျိုးတို့ ပိုင်ဆိုင် ခဲ့သည်ဖြစ်ရာ ယခုအခါသော် တရုတ်တို့လက်မှ လွတ်မြောက်လျက်

mgyoe.com

mgyoe.com


လာခဲ့ပြီဖြစ်သောကြောင့် လောဘာရမ္မက် ငမ်းငမ်းတက်နေသည့် ဤတိုင်းကြီးပြည်ကြီးများအကြားတွင် ထိုပြည်ကြီးတို့၏ မျက်မှန်းတမ်းမိရာ အစာသဖွယ် ဖြစ်နေလေပြီ။

ယခုအခါ တိဘက်ပြည်၏ ပတ်ဝန်းကျင်၌ရှိသော တိုင်းပြည်နိုင်ငံတို့တွင် နိုင်ငံရေး အခြေအနေမှာ လွန်စွာ မငြိမ်မသက် ရုတ်ရုတ်ရက်ရက် ဖြစ်နေသောကြောင့် ထိုအခြေအနေသည် မကြာမတင် တိဘက်ပြည်ဘက်သို့ပင် ပြန့်ပွားကူးစက်သွားဖွယ်ရာ ရှိနေချေ၏။

တိဘက်ပြည်၏ တောင်ဘက်တွင် အလွန်ခိုင်ကြံ့ မြဲမြံ အခြေခံတောင့်တင်းသော အင်္ဂလိပ်အစိုးရတို့ အုပ်ချုပ်လျက် အရှေ့ဘက်တစ်ခွင်၌ အကြင်သို့သော တရုတ်ပြည် ဗဟိုအစိုးရတို့ စိုးပိုင်ကြလျက်ရှိသဖြင့် တိဘက်ပြည်၏ အခြေအနေမှာ စိုးရိမ်ဖွယ်ရာ အလျဉ်းမရှိဟု ဆိုကြမည်ဖြစ်သော်လည်း တိဘက်ပြည်အား ပြန်လည်သိမ်းပိုက်လိုသော တရုတ်အစိုးရတို့ကို မကြောက်မလန့်ရစေကာမူ တိဘက်ပြည်နှင့် များစွာ အလှမ်းကွာသည့် မြောက်ဘက်ဆီ၌ရှိသော တိုင်းပြည်ကလေးအား ကြောက်လန့်နေရချေ၏။

ထိုနယ်ကလေး၏ တစ်စိတ်တစ်ဒေသကို ကမ္ဘာပေါ်တွင် အကြီးဆုံးသော စစ်တပ်၏ တည်ရာဌာနဖြစ်သည့် ရုရှားပြည်ကြီးက ပိုင်လျက် ကျန်တစ်ဝက်ကို ဤအာရှတိုက်ကြီးအား သိမ်းပိုက်မည် တခဲခဲနှင့် တသဲသဲ တမဲမဲ ဖွဲ့ကောင်းကောင်းဖြင့် ချောင်းလျက်နေသည့် ဂျပန်ပြည်က ပိုင်ဆိုင်သည်ဖြစ်ရာ တိဘက်ပြည်အား အနာဂတ်အဖို့တွင် ဘေးအန္တရာယ် တစ်စုံတစ်ရာမြင်သော် ထိုဘေးအန္တရာယ်သည် အခြားဒေသမှမဟုတ်။ ဤနှစ်ပြည်ပိုင် ဒေသမှ ပေါက်ပွားလာမည်သာ ဖြစ်ခဲ့ချေ၏။

mgyoe.com

mgyoe.com


တိဘက်ပြည်၏ ဈေးဆိုင်ကနားတို့ကိုကြည့်သော် ၎င်းတို့အား အနောက်ဘက်နှင့် တောင်ဘက်မှ အိန္ဒိယပြည်၊ မြောက်ဘက်မှမူ ကန်းစူလူမျိုးတို့က ခြယ်လှယ်လျက်ရှိသည်ကို တွေ့ရပေ၏။ ရှေးအခါက မောင်းဂွတ်ပြည်ကြီး အတွင်းအပြင်နှင့်တကွ ရုရှားပြည် အပိုင် ဆိုက်ဘေးရီးယားပြည်မှ ရုရှားကုန်သည်တို့ အများအပြား လာရောက် ရောင်းချကြသော်လည်း ယခုအခါသော် ရုရှားကုန်သည်တို့ကို တိဘက်ပြည်၌ မတွေ့ရသလောက် ဖြစ်လေသည်။ ရှေးအခါက လာဆာမြို့တော်ကြီးမှာ ရုရှားလူမျိုးတို့ လွတ်လပ်စွာ သွားလာကူးသန်းနေကြမြဲဖြစ်သော်လည်း ယခုအခါတွင်မူကား ဆိုက်ဘေးရီးယားပြည်မှ ဗုဒ္ဓဘာသာအချို့တို့သာ ဘုရားဖူးလာရင်း လည်ပတ်သွားလာနေကြသည်ကို တွေ့ရလေတော့၏။

ရုရှားတို့ ထိုကဲ့သို့ တိဘက်ပြည်တွင် အာဏာလက်လွတ်ငှက်တောင်ကျွတ် ဆိုသည့်အလား ဖြစ်ရခြင်း၏ အကြောင်းရင်းမှာ ယခုအခါ တိဘက်ပြည်၏ ဈေးဆိုင်ကနားတို့ကို ကြီးမားသောအင်အားဖြင့် ခြယ်လှယ်ဖန်သနေသူသည် ဂျပန်ပြည်ပင်ဖြစ်ရာ ဂျပန်ကုန်စည်တို့သည် အိန္ဒိယပြည် ကလင်ပုံမြို့ဘက်မှ တိဘက်ပြည်တွင်းသို့ အမြောက်အမြား ဝင်ရောက်လာခြင်းကြောင့် ဖြစ်လေ၏။

ရွှေဂူတစ်ဂူအတွင်းဝယ် ကေသရာခြင်္သေ့မင်းနှစ်ပါး အတူတကွ မနေနိုင်သကဲ့သို့ တိဘက်ပြည်တွင်လည်း ရုရှားနှင့် ဂျပန်တို့ တူမျှသော အခွင့်အရေးကို ခံစားလျက် ကြာရှည်လေးမြင့်စွာ နေနိုင်ကြမည် မဟုတ်ချေတကား။

ထို့ပြင် ရုရှားနှင့် ဂျပန်တို့ သူတစ်ပြန် ကိုယ်တစ်လှည့် ကိုယ့်၏အကျိုး ပွားတိုးရန်သာ ကြံရွယ်နေကြခိုက် ရှေးအစဉ်အဆက်

mgyoe.com

mgyoe.com


ဆက်က အုပ်ချုပ်လာခဲ့ပြီးမှ လက်လွှတ်ခြင်းပြုလိုက်ရသော တရုတ်ပြည်ကြီးကလည်း တိဘက်ပြည်ကို ပြန်လည် သိမ်းသွင်းလိုစိတ် ယိုဖိတ်ခြင်းမလှ ယိုဖိတ်နေပြန်ချေ၏။

တိဘက်ပြည်သည် တိဘက်ပြည်၏အဖြစ်ဖြင့် တည်သော်ကား မထောင်းတာ၊ အကယ်၍ ထိုပြည်ပေါ်သို့ တရုတ်ပြည်ကြီး၏ အရိပ်သော် လည်းကောင်း၊ ဂျပန်ပြည်၏ အရိပ်သော် လည်းကောင်း၊ ရုရှားတို့၏ အရိပ်သော် လည်းကောင်း ထိုး၍ထွက်လာခဲ့ချေသော် အိန္ဒိယပြည်ပိုင် အင်္ဂလိပ် အစိုးရတို့သည် မုချပင် အရေးယူရမည် ဖြစ်လေသည်။

ထိုသို့ အရေးယူရပြီဟုဆိုလျှင်ပင် အရှေ့ဘက်တိုင်း၌ ငြိမ်းချမ်းခြင်းတည်းဟူသော တိမ်တောင်တိမ်လိပ်တို့သည် စစ်တည်းဟူသော လေနီကြမ်း တိုက်ဖျက်ရာသို့ လွင့်ပါပျောက်ပျက်ခြင်းသာ ရောက်ရတော့မည် ဖြစ်လေသည်။

တိဘက်ပြည်တွင် ယခုအခါ အခြားသော နိုင်ငံခြားသားတို့ ထက် ဂျပန်တို့မှာ လွန်စွာ မျက်နှာစန်းပွင့်လျက် ရှိလေသည်။

တိဘက်ပြည်၏မြို့တော် လာဆာတွင်ကား တိဘက်ပြည်သူ ပြည်သားတို့သည် ဂျပန် ဗုဒ္ဓဘာသာ ရဟန်းတော်များ သာသနာပြုတော်မူလျက်ရှိပုံကို ချီးမွမ်း၍မဆုံး ရှိနေကုန်၏။ တစ်ဖန် တိဘက်ပြည်သူ ပြည်သားတို့ စန်းလက်ဇာတာတစ်သိန်ကောင်း၍ အကြိမ်တစ်သောင်း တိုးတက်ကြီးပွားလာစေလိုသည်ဟုဆိုကာ မောင်းဝှတ်လူမျိုးများအကြား၌ ဂျပန်အလုပ်သမားတို့ တကုတ်ကုတ် ကြိုးစားလုပ်ကိုင်နေကြသည်များကိုလည်း အားတက်ဝမ်းမြောက်သော အမူအရာဖြင့် ကြည့်သာလျက် ရှိနေကုန်၏။

mgyoe.com

mgyoe.com


ဤကဲ့သို့ ဂျပန်လူမျိုးတို့သာ ထူးကဲစွာ မျက်နှာသာရနေကြသည့်အတွက် ရုရှားပြည်၊ တရုတ်ပြည်တို့၏စိတ်တွင် အခဲမကျေဘဲ ရှိနေခဲ့လေပြီ။

ဂျပန်တို့မှာ ယခုအခါ တိဘက်ပြည်သို့ ကုန်စည်များနှင့်တကွ ဝင်ရောက်လိုက အင်္ဂလိပ်ပိုင် အိန္ဒိယပြည် ကလင်ပုံမြို့လမ်းမှနေ၍ ဝင်ရောက်ရသည်ဖြစ်သောကြောင့် တိဘက်ပြည်တွင် တံခါးမရှိ ဓားမရှိ ထင်သလိုဝင်၊ ထင်သလို ထွက်နိုင်ရန် အင်္ဂလိပ်အစိုးရတို့အပေါ်၌ ကြာရှည်လေးမြတ်စွာ အားထားခြင်းပြုမည်မဟုတ်ရာ ၎င်းတို့ပိုင် တိဘက်ပြည် ဝင်လမ်းတစ်ခုကို တစ်နည်းနည်းဖြင့် အခြားနေရာ၌ရအောင် ကြံဆောင်ရမည် ဖြစ်လေ၏။ ထိုသို့ ကြံဆောင်ရာ၌ပင်လျှင် အကြင်သို့သော ရုရှားနှင့် တရုတ်တို့က ကန့်ကွက်ပိတ်ဆီးမည်ကို စိုးရိမ်နေရချေ၏။

ဂျပန်တို့မှာ မန်ချူးကိုနယ်ကြီးကို တရုတ်လက်မှ အပိုင်သိမ်းယူထားပြီဖြစ်သောကြောင့် မန်ချူးကိုနယ်မှနေ၍ တရုတ်ပြည်၏ဝမ်းဗိုက်ကို ဖောက်ထွင်းကာ တောင်ဘက်ပိုင်း၌ရှိသည့် တိဘက်ပြည်ကို မည်သို့သောနည်းဖြင့် ဝင်ရောက်ရမည်ဟု ရှေးကပင် ကြံရွယ်ခဲ့ပြီး ဖြစ်လေသည်။

သို့ ကြံဆောင်သည့်အခါ ရှေးအခါက တရုတ်တို့သည် လုံးဝ ပိုင်ဆိုင်သော်လည်း ယခုအခါကာလ၌ တရုတ်မဆိုင်၊ မန်ချူးကိုလည်း မပိုင်သော ကန်းစူနယ်ကွက်ကလေးမှ ကန်းစူလူမျိုးတို့ကို တွေ့မြင်ကြလေသည်။

ထိုကဲ့သို့ တွေ့မြင်ကြသည့်အလျောက် ကန်းစူလူမျိုးတို့ လာရာလမ်းကိုပင် ဂျပန်ပိုင် ပြုလုပ်ပစ်ကောင်း ပြုလုပ်ပစ်မည် ဖြစ်လေသည်။

mgyoe.com

mgyoe.com


သို့ဆိုလျှင် တရုတ်ပြည်မှာ ကန်းစူလည်းဆုံး၊ တိဘက်လည်းဆုံး ဆိုသကဲ့သို့ ဖြစ်ရတော့မည်သာ ဖြစ်လေသည်။

တရုတ်ပြည်မှာ ဂျပန်၏လက်ဝယ် ကျားနာနှင့်တူနေသည် ဖြစ်ရာ ထိုအခြင်းအရာကို လျစ်လျူရှု၍ပင် နေမည်။ သို့မဟုတ် အခြား တိုင်းပြည်တို့ကို ခေါင်ငင်ကာ စုရုံးတိုက်ဖျက်မည် ဤနှစ်လီမှာလည်း အရှေ့ဘက်တစ်လွှား၏ ကြီးမားသော ပြဿနာကြီးတစ်ရပ်ပင် ဖြစ်လေတော့၏။

ဤအရာတွင် တိဘက်ပြည်သူ ပြည်သားတို့သာ ပဓာန ဖြစ်သဖြင့် ၎င်းတို့မှာ ယခုအခါ မန်ချူးကို ဘုရင်အဖြစ်ဖြင့် ဂျပန်တို့က တင်မြှောက်ထားသော ဟင်နရီပုရီအား အထူးမေတ္တာသက်ဝင် ချစ်ချင်မြတ်လေး ကျေးဇူးများစွာတင်သောကြောင့် မန်ချူးကိုနယ်၏ အပေါ်၌ များစွာ အားထားကြောင်း ထင်ရှားပေါ်လွင်လာခဲ့လေသည်။

သို့ဖြစ်ရာ အရေးဟူ၍ အကယ်၍ ပေါ်ပေါက်လာခဲ့လျှင် မည်သည့်နိုင်ငံကြီးသည်သာလျှင် တိဘက်ပြည်အပေါ်၌ ဩဇာညောင်းမည်ကို စဉ်းစားချင့်ချိန်နိုင်လောက်ပြီ ဖြစ်ပေသတည်း။

■

mgyoe.com

mgyoe.com

## (၈) ထိုင်းလည်း တလှုပ်လှုပ် တရွရွ

ကျွန်ုပ်တို့ မြန်မာပြည်နှင့် ဆက်စပ်တည်ရှိသော ထိုင်းကို ကြည့်ပြန်လျှင်လည်း တိုင်းရေးပြည်ရေးမှာ ငြိမ်သက်သည်ဟုမဆိုသာ။ တစ်ဖက်မှာ အင်္ဂလိပ်ပိုင် မြန်မာပြည်တည်၍၊ အခြားတစ်ဖက်တွင်ကား ပြင်သစ်ပိုင် အင်ဒိုချိုင်းနားပြည်ရှိ၍နေရာ၊ ဤနှစ်ပြည်ညှပ်ထားခြင်းဒဏ်၊ အင်္ဂလိပ်နှင့် ပြင်သစ်တို့၏ ဖိစီးသောဝန်ကို လွန်ဆန်ဖယ်ရှားလိုသောစိတ်မှာ ဒီရေအလား တဖွားဖွား တိုးတက်၍သာ လာလျက်ရှိနေလေပြီ။ ထိုင်းမှာ ပြင်သစ်၊ အင်္ဂလိပ်၊ တရုတ်၊ ဂျပန်တို့ အထူးတလည် အာရုံစူးစိုက်ရာ တိုင်းပြည်ဖြစ်ခြင်းကြောင့် တိုင်းရေးပြည်မှုကို ဆောင်ရွက်ရာတွင် ထိုင်းမျိုးချစ်ပုဂ္ဂိုလ်များမှာ လွန်စွာ သတိဝီရိယ ရှိကြပေ၏။ သို့သော် လွန်ခဲ့သည့်နှစ်များအတွင်း ဂျပန်တို့သည် ထိုင်းမျိုးချစ်ပုဂ္ဂိုလ်ကြီးများနှင့်အတူ ထိုင်း ပြည်သူပြည်သား အစိုးရတို့နှင့် ပူးပေါင်း၍ နိုင်ငံချဲ့ထွင်ရေးကို ကြံရွယ်လျက်ရှိသည်မှာ ထင်ရှားသည်ထက် ထင်ရှား၍လာလေပြီ။

mgyoe.com

mgyoe.com


ထိုင်း၏ ကုန်းတပ်၊ လေတပ်နှင့် ရေတပ်မှာ * အင်္ဂလိပ်နှင့် ပြင်သစ်တို့၏ ကုန်းတပ်၊ လေတပ်၊ ရေတပ်နှင့် နှိုင်းစာသော် မပြောပလောက်သော်လည်း ထိုထိုင်းတပ်တို့၏နောက်တွင် ကျောထောက်နောက်ခံအဖြစ်ဖြင့် ဝင်ရောက်ရန် ပုန်းအောင်းချောင်းကွယ်၍ နေသော ဂျပန်တို့ရှိနေသဖြင့် အင်္ဂလိပ်တို့သည် လည်းကောင်း၊ ပြင်သစ်တို့သည် လည်းကောင်း ထိုထိုင်းတပ်တို့၏ အလှုပ်အရှားကို အလစ်မပေးအားအောင်ပင် ဖြစ်နေကြလေပြီ။ **

ဆိုင်ရာတို့က မည်သို့မျှ ငြင်းကွယ်ကြစေကာမူ ဧကန်အမှန် ဖြစ်သည်ဟု တစ်နေ့နေ့တွင် ကမ္ဘာက ဝန်ခံခြင်းပြုရမည်ဖြစ်သော လုပ်ငန်းနှစ်ခုကို ဂျပန်တို့သည် ထိုင်းတွင် တိတ်တဆိတ် စီစဉ်လျက် ရှိနေကြချေပြီ။ ထိုလုပ်ငန်းနှစ်ရပ်မှာ (၁) အင်္ဂလိပ်တို့က အရှေ့တိုင်းရှိ

---

* မူလရေးသားစဉ်က ထိုင်း၏ ကုန်းတပ်၊ လေတပ်၊ ရေတပ်၏အင်အား မည်၍မည်မျှရှိမည်ဟု မခန့်မှန်းနိုင်ခဲ့ချေ။ ယခုသော် ထိုင်းသည် အလျင်အမြန် လက်နက်တပ်ဆင်လျက်ရှိကြောင်း၊ ၎င်းတွင် အထူးကျင့်ရပြီး အရည်အချင်းနှင့် ပြည့်စုံသော စစ်သား ၁၀၀,၀၀၀ တပ် ရှိနေပြီဖြစ်ကြောင်း၊ ထိုင်းရေတပ်မှာလည်း ခေတ်အလျောက် အထူးသဖြင့် ပြုပြင်ထားလျက် သင်္ဘောများနှင့် ရေကြောင်းအရာရှိများ တိုးလျက်နေကြောင်းနှင့် ဝပ်(ချ်)မင်း သတင်းစာက ရေးသည်ဟု ၁၉၃၇ ခုနှစ် ဒီဇင်ဘာလ ၁၈ ရက်နေ့ထုတ် မြန်မာ့အလင်း သတင်းစာ၌ ဖော်ပြပါရှိသည်ကို တွေ့ရ၏။

** ၁၉၃၈ ခုနှစ် ဇန်နဝါရီလ ၆ ရက်နေ့က ထိုင်းသင်္ဘောများ ယိုးဒယားပင်လယ်ကွေ့၏ တောင်ဘက်တစ်ခွင်သို့ စစ်ရေးလေ့ကျင့်ရန် ထွက်ခွာသွားပြီဟုဆိုလျှင်ပင် စင်ကာပူရေကြောင်းတပ်ကြီးမှာ နိုးနိုးကြားကြားရှိလာလျက် အင်္ဂလိပ် ဗုံးကြဲလေယာဉ်ပျံများသည် အင်္ဂလန်ပြည်မှ မြန်မာပြည်ကို ဖြတ်ကျော်ကာ စင်ကာပူသို့ သွားရောက်ကြခြင်းကို သတိပြုဖွယ်။

mgyoe.com

mgyoe.com


မိမိတို့၏နယ်တို့ကို ကာကွယ်စောင့်ရှောက်ရန် ဆောက်လုပ်ထားသော စင်ကာပူ ရေတပ်ကြီးအား ပြိုင်ဆိုင် ခွာရာတိုင်းသော သဘောဖြင့် ထိုင်းပင်လယ်ကွေ့တွင် ထိုင်းရေတပ်ကြီးတစ်ခုကို ဂျပန်တို့က ဆောက်လုပ်ပေးရန်နှင့် (၂) မြန်မာပြည် တောင်ဘက် အစွန်အဖျား ပသျှူးကျွန်းဆွယ်နယ်စပ်ရှိ ထိုင်းပိုင် အလွန်အဖိုးထိုက်တန်သော နယ်မြေကလေး (ကရား) * ကို တူးမြောင်းဖောက်လုပ်ပေးခြင်းဖြင့် စင်ကာပူရေလက်ကြားကို အလဟဿ တိမ်ကောအောင် ပြုလုပ်ပေးရန် ဟူ၍ ဖြစ်လေသည်။

ဤနှစ်ရပ်သော လုပ်ငန်းအကြံအစည်တွင် ဤမည်သော ရေတပ် ဖွဲ့စည်းခြင်းမှာ များစွာ စိုးရိမ်ဖွယ်ရာ မဟုတ်သော်လည်း စင်ကာပူ ရေလက်ကြားကို တိမ်ကောစေလိုသော သဘောဖြင့် ကရား တူးမြောင်းဟူ၍ ဖောက်လုပ်လိုက်ချေသော် ခရီးမိုင်ပေါင်း ၁,၀၀၀ ခန့် ယုတ်လျော့၍ သွားမည်ဖြစ်ရာ အချိန်ကုန်နည်းခြင်း၊ မီးသွေး အကုန်နည်းခြင်း စရိတ်စက အဝဝတို့ အကုန်အကျနည်းပါးခြင်းတို့ ဖြစ်မည် ဧကန်ဖြစ်သောကြောင့် ပစိဖိတ်သမုဒ္ဒရာမှ အိန္ဒိယ သမုဒ္ဒရာ၊ အိန္ဒိယသမုဒ္ဒရာမှ ပစိဖိတ်သမုဒ္ဒရာသို့ သွားလာကူးသန်းရောင်းဝယ်၍ နေသော သင်္ဘောကြီးသည် မိုင် ၁,၀၀၀ အပိုဝေးကွာ၍နေသော

* ကရားနယ်ပယ်ကလေးမှာ တူးမြောင်းဖောက်လုပ်ရန်သာ အနေအထား ကောင်းမွန်သည်မဟုတ်။ လက်နက်ကိရိယာလုပ်ရန် အလွန်ကောင်းမွန်သော သံဖြူ ခဲမပုပ် စသော သတ္တုများအပြင် မြေကြီးအောက်နား တွင်ပင်ကပ်လျက် တန်ချိန် သန်းပေါင်းများစွာသော ကျောက်မီးသွေးတို့ရှိနေရာ ဤနေရာကလေးပေါ်သို့ ဂျပန်တို့ ခြေချပြီဆိုလျှင် ပင် အင်္ဂလိပ်တို့သည် ထိရောက်စွာ အရေးယူမည်ဖြစ်ကြောင်း ယုံမှားဖွယ် မရှိပေ။

mgyoe.com

mgyoe.com


စင်ကာပူ ရေလက်ကြားကို မုချပင် စွန့်ပစ်လျက် ဤတူးမြောင်း သစ်ကိုပင် အသုံးပြုကြမည် ဖြစ်လေသည်။

ဤသို့လည်း အင်္ဂလိပ်တို့က မည်သည့်နည်းနှင့်မျှ အဖြစ်ခံလိမ့်မည်မဟုတ်ရာ အကယ်၍ တစ်ဖက်သောသူတို့က ထိုနေရာကို ကုန်းမြေအဖြစ်မှ ရေကြောင်းအဖြစ်သို့ အတင်း ပြောင်းလွှဲကြမည် ဆိုလျှင် မုချပင် စစ်အင်ခင်းကျင်း တိုက်ခိုက်ခြင်း ပြုလုပ်မည်ဖြစ်၍ ဤဆီမီးခွက်ကလေးမှလည်း ကမ္ဘာမီးထ၍ တောက်မည်လောဟု တွေးတော ကြောင့်ကြဖွယ် ရှိနေပေသတည်း။

■

mgyoe.com

mgyoe.com

## (ဆ) ဩစတြေးလျကျွန်းကြီးနှင့် အခြားကျွန်းများ

ဂျပန်တို့သည် အာရှတိုက်ကြီးကိုသာ သိမ်းပိုက်ရန် ချိန်ရွယ်နေကြသည်မဟုတ်။ ပစိဖိတ်သမုဒ္ဒရာ တောင်ဘက်တစ်ခွင်ရှိ အကြင်သို့သော အင်္ဂလိပ်–ဟော်လန်နှင့် အမေရိကန်ပိုင် ကျွန်းကြီးကျွန်းငယ်အသွယ်သွယ်တို့ကိုလည်း သိမ်းပိုက်ယူငင် ခြေတော်တင်ရန် ယခင်ကပင် စီစဉ်ကြံရွယ်ပြီး ဖြစ်ချေ၏။

ဂျပန်တို့သည် ဂျာမနီပြည်အပိုင် ကျွန်းစုသုံးစုကို ကမ္ဘာစစ်ကြီးအပြီးတွင် စာချုပ်ဖြင့် သိမ်းယူ၍ထားရှိရာ ထိုသို့ သိမ်းပိုက်ယူငင်ထားခြင်းမှာ အမြဲတမ်း ဖြစ်စေရမည်ဟု ထိုစာချုပ်တွင် မပါမရှိသော်လည်း ဂျပန်တို့စိတ်ဆန္ဒတွင် ထိုကျွန်းများကို ပြန်၍ မပေးချင်သည့်အတွက် ထိုကျွန်းစုများအကြောင်း စကားစပ်မိ၍သော်မှ အပြောမခံလိုဘဲ ရှိကြချေ၏။

ထိုကျွန်းစုသုံးစုတွင် ကျွန်းပေါင်း အရာအထောင်ပါဝင်ရာ ထိုကျွန်းစုများပေါ်၌ သင်္ဘောကြီးများ ဆိုက်ကပ်ရန် နေရာများနှင့် ရေကြောင်းလက်နက်များကို ငွေကုန်ကြေးကျခံကာ တပ်ဆင်ထားပြီး ဖြစ်၍လည်း ပြန်၍ လက်မလွှတ်လိုခြင်း ဖြစ်လေ၏။ ဤကျွန်းများ၏

mgyoe.com

mgyoe.com


အနေအထားမှာလည်း အလွန်ပင် အရေးပါ အရာရောက်ရာ၊ အကယ်၍ အင်္ဂလိပ်ပိုင် ပဿျူးကျွန်းဆွယ်ကိုဖြစ်စေ၊ ဟောင်ကောင်မြို့ (ကျွန်း)ကိုဖြစ်စေ၊ အမေရိကန်ပိုင် ဟာဝေယံကျွန်းများကိုဖြစ်စေ၊ အမေရိကန်က စောင့်ရှောက်ထားသော ဖိလစ်ပိုင်ကျွန်းများကိုဖြစ်စေ၊ ဂျပန်တို့က တိုက်ခိုက်လိုသော် သို့မဟုတ် ထိုကျွန်းတို့မှ လာမည့် ဘေးရန်တို့ကို ကာကွယ်တွန်းလှန်လိုသော် ဂျပန်တို့သည် ဤဂျာမနီ ယခင်ကပိုင်ခဲ့သော ကျွန်းများကို အခြေခံကောင်းကောင်းပြု၍ ခုခံ တိုက်ခိုက်နိုင်ပေ၏။ ထိုမျှမက ပစိဖိတ်သမုဒ္ဒရာအတွင်းရှိ လူဖြူတို့၏ ကာကွယ်ရေးအတွက် အခြေစိုက်ရာ ဌာနများနှင့် ဩစတြေးလျ ကျွန်းကြီး အဆက်အသွယ်ကို ပိတ်ပင်တားမြစ်နိုင်သေး၏။ တစ်ဖန် အမေရိကန်ပြည်ကြီး အနောက်ဘက်ကမ်းခြေသို့ မည်သည့် သင်္ဘော မျိုးမှ မဆိုက်မကပ်နိုင်အောင်ပင်လည်း ပိတ်ပင်တားဆီးနိုင်သေးရာ ဤကျွန်းများ အဘယ်မျှလောက် အရေးပါသည်ကို ဆက်လက် ဖော်ပြရန်ပင် မလိုတော့တကား။

ဤမျှလောက် အရေးပါသောကျွန်းများသည် စစ်မက်အတွက် အစစအရာရာ အသင့်ရှိနေလေပြီ။ •

ကမ္ဘာကျော် နဂါးနက် အသင်းကြီးကို တည်ထောင်သော ဂျပန်နိုင်ငံခြားရေးဝန်ကြီး ယူချိဒါးခေါ် ပုဂ္ဂိုလ်ကြီးက ထိုကျွန်းများ အား ဂျပန်တစ်ဦးတည်း အမြဲ ထာဝရအပိုင်အဖြစ်ဖြင့် ထားရှိခြင်းကို

• ဂျပန်ပြည်တွင် တက္ကသိုလ်တစ်ခု၌ အင်္ဂလိပ်ဘာသာ သင်ကြားပြသ ရင်း ၁၅ နှစ်ကြာခဲ့သော ပရော်ဖက်ဆာ အိုကွန်ရှိုင်းက (ဂျပန့် အန္တရာယ်)ဟူသော စာအုပ်တွင် "ဤကျွန်းများကို အချိန်အနည်းငယ် မျှအတွင်း စစ်အင်အား ခင်းကျင်းနိုင်အောင် ဂျပန်သည် ဆင်ပြင် ထားရှိပြီဟု ကျွန်ုပ်ဆို၏"ဟူ၍ ရေးသားဖော်ပြလေပြီ။

mgyoe.com

mgyoe.com


တစ်စုံတစ်ခုသော တိုင်းပြည်ကြီးကဖြစ်စေ၊ တိုင်းပြည်ကြီးများက ဖြစ်စေ၊ ကန့်ကွက်သည်ရှိသော် ဂျပန်ပြည်ကြီး ပျက်စီးလျှင် ပျက်စီးစေ ထိုကျွန်းတို့ကိုကား လက်မလွှတ်နိုင်ဟူ၍ ထုတ်ဖော်ကြေညာခဲ့၏။

စစ်ဘက်မှ သဘောထားပုံမှာလည်း ဤကျွန်းများသည် ဂျပန်ပြည်ကြီး၏ ကာကွယ်ရေးတွင် အလွန်အရေးကြီးချေသည်။ ကမ္ဘာ့အရှေ့ဖျားတွင် အမေရိကန်က စစ်မက်မတိုက်နိုင်အောင် ဤကျွန်းများသည် တန်ခိုးဟိတ် ထွန်းပြောင်သည်။ အကယ်၍ ဤကျွန်းစုများအနက်မှ ကျွန်းတစ်ကျွန်းကျွန်းကို လက်လွှတ်ချေသော် ဂျပန်ပြည်သည် လုံခြုံတော့မည်မဟုတ်။ ဤကျွန်းများတွင် အကယ်၍ နိုင်ငံခြား စစ်သင်္ဘောတို့ ဆိုက်ကပ်ခွင့်ရရှိခဲ့လျှင် ဂျပန်၏ရေကြောင်း အင်အားမှာ နည်းပါးဆုတ်ယုတ်ဖို့သာ ရှိချေသည် စသဖြင့် ဖြစ်၏။

၁၉၃၃ ခုနှစ် ဧပြီလ ၁၃ ရက်နေ့ထုတ် ဂျပန်အက်ဒဗာတိုက်ဇာခေါ် သတင်းစာကြီးတွင်လည်း ထိုကျွန်းစုများ ဂျပန့်လက်တွင်းမှာရှိခြင်းကို အမေရိကန်သည် ကြည်ဖြူရန် အကြောင်းတစ်စုံတစ်ရာမရှိ၊ ကျွန်ုပ်တို့သည် မည်သည့်ကျွန်းကိုမျှ ပြန်လည် မပေးနိုင်။ ကျွန်ုပ်တို့သည် ထိုကျွန်းများကြောင့် ကျရောက်နိုင်သည့် အဆိုးဝါးဆုံးသော ဘေးအတွက် ပြင်ဆင်ကြရမည်ဟူ၍ လည်းကောင်း၊ အကယ်၍ နိုင်ငံပေါင်းချုပ်ကဖြစ်စေ၊ ယခင်က ဖြစ်ခဲ့ဖူးသော မဟာမိတ်တို့က ဖြစ်စေ၊ ထိုကျွန်းများကို ကျွန်ုပ်တို့၏လက်တွင်းမှ အတင်းအကျပ် ယူဝံ့လျှင် အလွန်ကြီးကျယ်သော လက်နက်ကိုင်တိုက်ပွဲကြီး မုချ ခင်းကျင်းရလိမ့်မည်။ ဤကျွန်းများနှင့်စပ်လျဉ်း၍ ဂျပန်လူမျိုးတို့က ထားသော မျိုးချစ်စိတ်သည် မန်ချူကိုပြည် ပြဿနာအပေါ်၌ထားသော မျိုးချစ်စိတ်ထားထက် အဆရာထောင် ပိုမို ထက်သန်သည်ကို သတိပြုကြလော့+ဟူ၍ လည်းကောင်း ရေးသားဖော်ပြခဲ့လေသည်။

mgyoe.com

mgyoe.com


ဂျပန်တို့သည် အင်္ဂလိပ်ပိုင် သြစတြေးလျကျွန်းကြီးကို မျက်စောင်းထိုးနေကြောင်းနှင့် နှစ်ပေါင်းများစွာက ကမ္ဘာပေါ်ရှိ တိုင်းပြည်များက တွေးခေါ်ပြီးလျှင် ကြွေးကြော်ပြောဆိုခဲ့သော်လည်း ယခုအခါ ထိုကြွေးကြော်သံကို မကြားရတော့ချေ။ ဂျပန်ပြည်ကား ထိုအကြံကို လုံးဝ မစွန့်လွှတ်သေးချေ။ မစွန့်လွှတ်ကြောင်းကို ပရော်ဖက်ဆာ အိုကွန်ရှိုင်းက ၎င်း၏ ဂျပန့်အန္တရာယ်ခေါ် စာအုပ်တွင် ရေးသားဖော်ပြသည်မှာ...

၊ အကယ်၍ အချိန်ကျလျှင် သြစတြေးလျကျွန်းကို ဂျပန်သိမ်းပိုက် ယူငင်ရန်မှာ အလွန် လွယ်ကူသော ကိစ္စဖြစ်သည်ဟု ပြောဆိုနေကြသောစကားကို ကျွန်ုပ်ကိုယ်တိုင် မကြာခဏ ကြားနေရသည်။ စာချွန်ဖြင့် ရ ထားသောကျွန်းများသည် ထိုကိစ္စ လွယ်ကူစွာနှင့် အထမြောက်အောင် ဆောင်ရွက်ပေးကြကုန်လတ္တံ့။ ဂျပန်၏ အနာဂတ်အကြံတွင် သြစတြေးလျကျွန်းကြီးကိုပါ သိမ်းပိုက်ရန် အကြံလည်း ပါဝင်ကြောင်းကိုကား ယုံမှားသံသယ မရှိသင့်။ သြစတြေးလျကျွန်းကြီး၏ ရာသီဥတုသည် ဂျပန်တို့နှင့် အလွန်မျှတ၏။ အရှေ့တိုင်းသား လူဝါ၊ လူညိုများနှင့် စပ်ယှက် ရောပြွမ်းမိမည်စိုး၍ သြစတြေးလျကျွန်းကြီးက ဥပဒေ ပြုလုပ်ခြင်းသည် ဂျပန်အား စော်ကားခြင်းပင်ဖြစ်ရာ၊ ထိုအတွက်ကြောင့် ဂျပန်သည် သြစတြေးလျပြည်သူပြည်သားတို့ကို အလွန်မုန်းတီးရှုရှာ၏။ သို့သော် ဂျပန်သည် သြစတြေးလျကျွန်းကြီးကိုကား တပ်မက်၏။ လိုချင်၏။ ဂျပန်တို့၏ အကြံသည် ကြီးပါပေ၏။ ပထမ မန်ချူကို၊ ထို့နောက် တရုတ်ပြည်၊ အိန္ဒိယပြည်၊ နယူးဇီလန်ကျွန်း အပါအဝင် သြစတြေးလျတိုက်၊ ထို့နောက် ရုရှားပြည် ဤသည်တို့ကို သိမ်းပိုက်ရန် ဖြစ်၏။ ဤကား စစ်ဘက်ဆိုင်ရာတို့၏ အကြံအစည်တည်း။ အကယ်၍ဖြစ်ခဲ့လျှင်

mgyoe.com

 mgyoe.com 

အကြံအတိုင်း မျှော်လင့်သည့်အချိန်ထက် စောစွာ ဖြစ်လာလိမ့်မည်။ ဂျပန်သည် စစ်တိုက်ပြီးဟု ချက်ချင်း ကြေညာမည်မဟုတ်။ ဂျပန်သည် တစ်ဆင့်တစ်ဆင့် ဖြည်းဖြည်းတက်မည်ဖြစ်၏။ တရွေ့ရွေ့နှင့် တရုတ်ပြည်ကို အုပ်ချုပ်လတ္တံ့။ တရုတ်ပြည်သည် နိုင်ငံပေါင်းချုပ်အသင်းကြီးထံမှ အကူအညီ တောင်းပြန်လတ္တံ့။ ထိုအခါ ဂျပန်တို့က မိမိတို့မှာ ကတိအတိုင်း ပြုရခြင်းဖြစ်ပါသည်ဟု ပြန်ကြားကြကုန်လတ္တံ့။ ဂျပန်အား ရှေ့သို့ အဘယ်မျှ တိုးတက်ဝင့်ကျယ်ခွင့် ပေးဦးမည်ကို ဥရောပတိုက် နိုင်ငံကြီးများနှင့် အမေရိကန်ပြည်တို့က ဆုံးဖြတ်ရန်ဖြစ်၏။

ဤစကား မှန်၏။ ဂျပန်အား ရှေ့သို့ အဘယ်မျှ တိုးတက်ဝင့်ကျယ်ခွင့် ပေးဦးမည်ကို ဆုံးဖြတ်ရန်မှာ ဥရောပတိုက် နိုင်ငံကြီးများနှင့် အမေရိကန်ပြည်တို့သာဖြစ်ရာ ဥရောပတိုက် နိုင်ငံကြီးများနှင့် အမေရိကန်ပြည်သည် မည်သည့်အခါကာလတွင် ဂျပန်အား တားဆီးခြင်းပြုကြမည်။ * ထိုသို့ တားခြင်းပြုလျှင် တားဆီးကာမှပင် ဖွတ်သည်ထက် ညစ်ဟုဆိုသည့်အလား၊ ကမ္ဘာ့ယမ်းအိုးကို မည်သို့ မီးထိုးမိလျက်သားဖြစ်မည်ကို စောင့်၍ကြည့်ကြရန်သာ ရှိပေတော့သတည်း။

■

---

* ယခုအခါ တရုတ်ပြည်ကို ဂျပန်က တိုက်နေပြန်လေပြီ။ တရုတ်ပြည်လည်း နိုင်ငံပေါင်းချုပ်အသင်း၏ အကူအညီတောင်းခဲ့ပြီ။ ဂျပန်ကလည်း ကတိအတိုင်း ယခုကဲ့သို့ ပြုလုပ်ရခြင်းဖြစ်ကြောင်း ပြန်ကြားပြောဆိုနေလေပြီ။ ဥရောပတိုက် နိုင်ငံကြီးများနှင့် အမေရိကန်ပြည်တို့သည် ထိရောက်စွာ အရေးယူခြင်း မရှိသေးတကား။

mgyoe.com

mgyoe.com

# (၉) နေ့လော...ညလော

အထက်တွင် အမြွက်မျှ ဖော်ပြခဲ့သော အချက်အလက်တို့ကို ထောက်ချင့်ခြင်းအားဖြင့် ဤကမ္ဘာကြီးသည် တစ်နေ့ထက်တစ်နေ့ တရွေ့ရွေ့နှင့် အလွန် ကြောက်မက်ဖွယ်ရာကောင်းသော စစ်ကြီး မက်ကြီးတစ်ခု ဖြစ်ပွားမည့်အချိန်သို့ ချဉ်းကပ်လာလျက်ရှိသည်ကို လွယ်ကူစွာနှင့် သိရှိနိုင်ကြပေပြီ။

ယခုတစ်ကြိမ် ဤကမ္ဘာကြီး၌ ဆင်နေကြသော ငြမ်းမှာ ရှေးအထက်ထက်ကကဲ့သို့မဟုတ်ဘဲ အရှေ့နိုင်ငံနှင့် အနောက်နိုင်ငံတို့ တန်ခိုးအာဏာလုကြမည့် စစ်ပွဲကြီးအတွက် ဖြစ်ခဲ့ချေ၏။ လက်ရှိ အခြေအနေကို အကျဉ်းချုပ်မျှ ဖော်ပြရသော် အရှေ့တိုင်းကြီးတစ်ခု လုံးပင် လောဘရမ္မက်ကြီးစွာဖြင့် တလှုပ်လှုပ်တရွရွ ချုံထဲ၌ ချုံသွေး လျက်သာ တမြမြ ဖြစ်နေကြပြီးလျှင် အနောက်နိုင်ငံမှာမူကား ပြည် ထောင်ချင်းချင်း မာန်စောင်တင်းကာ ငြူစူစောင်းမြောင်းခြင်း ပြုလုပ် နေကြသည်ဟု ဆိုရမည်ဖြစ်လေသည်။

သို့ဖြစ်သောကြောင့် ဤအရှေ့တိုင်းနှင့် အနောက်တိုင်းတည်း ဟူသော တိုင်းကြီးနှစ်တိုင်းသည် မာန်လှိုင်းတက်ကြွရန် တံပိုးကြီးများ

mgyoe.com

mgyoe.com


ထကာ ဤကမ္ဘာမြေပြင်ကြီးတစ်ခုလုံးကို အုပ်ဖုံးမြှုပ်နှစ်၊ အပျက် အတိဖြစ်အောင် ဖန်တီးထိပါး ရန်စစ်များ ဖြစ်ပွားကြမည်လောဟု လေးနက်စွာ တွေးတောကြံဆဖို့ ရှိနေလေသည်။

နိုင်ငံရေး ပရိယာယ်ကို ကောင်းစွာ တတ်သိကျွမ်းကျင်သည် ဟူ၍ အသိအမှတ်ပြုခြင်းခံရသော စာရေးဆရာကြီးများနှင့် နိုင်ငံရေး သုခမိန်များက ဤကမ္ဘာမှာ အလွန်ကြီးမား ကြောက်မက်ဖွယ်ရာ ကောင်းသော ဘေးအန္တရာယ်ကြီးနှင့် မလွဲသာ မရှောင်သာ တွေ့ကြုံ ကြရလိမ့်မည်ဖြစ်ကြောင်းနှင့် အထပ်ထပ်အခါခါ သတိပေးလျက် ရှိခဲ့ကြချေ၏။

ရှေးပဝေသဏီ ကာလကပင်လျှင် တိုင်းပြည်နယ်ပယ်များ ရရှိရန်အတွက် ဥရောပတိုက်၌ မရေမတွက်နိုင်လောက်အောင် စစ်မက် များ တိုက်ခိုက်ဖြစ်ပွားခဲ့ရပြီဖြစ်ရာ လာလတ္တံ့သော စစ်ကြီးတွင်မူကား ထိုလုယက်ခြင်းမှာ နယ်ပယ်ကလေးများအတွက် ဖြစ်လာလတ္တံ့။

ပစိဖိတ် သမုဒ္ဒရာကြီးအတွင်းတွင် ကမ္ဘာ့ရေတပ်ကြီးနှစ်စင်း သည် တစ်စင်း၏ အရိပ်အကဲကို အခြားတစ်စင်းက အမြဲမပြတ် စောင့်ကြပ်ကြည့်ရှုကာ ရှိနေကြ၏။

ယခုအခါ မျက်နှာဖြူတို့သည် ဥရောပတိုက်ကိုသာ ပိုင်ဆိုင် ကြသည်မဟုတ်။ တောင်အမေရိကနှင့် မြောက်အမေရိကတိုက်၊ ဩစတြေးလျပြည်တို့ကိုပါ လုံး၀ စိုးမိုးအုပ်ချုပ် မင်းလုပ်နေကြလျက် အာဖရိကတိုက်ကြီး၏ ၉၇ ရာခိုင်နှုန်း၊ အာရှတိုက်ကြီး၏ ရာခိုင်နှုန်း ၅၀ ခန့်ကိုပါ လက်အောက်ခံအဖြစ်ဖြင့် ထားကာနေကြ၏။

ယခုခေတ်အခါတွင် အရိပ်နိမိတ် သန်းလျက်ရှိသည့်အရာမှာ မျက်နှာမည်း၊ မျက်နှာဝါတို့ကတစ်ဖက်၊ မျက်နှာဖြူတို့ကတစ်ဖက် ကမ္ဘာကို အလုအယက် စိုးမိုးသိမ်းပိုက်ရန် ဖြစ်လေသည်။

mgyoe.com

mgyoe.com


ဥရောပတိုက်တွင် အကြိတ်အနယ်ယှဉ်ပြိုင် လက်နက်တပ်ဆင်ခြင်းကို ထောက်ချင့်ခြင်းအားဖြင့် စစ်ကြီးတစ်ခု ဖြစ်ပွားခဲ့သော် မည်ကဲ့သို့ ပျက်စီးကျေမွ ပြုန်းတီးရမည်ကို မတွေးမကြံဝံ့အောင်ပင် ဖြစ်ရချေသည်။

ထိုအခါတွင် အမေရိကန်ပြည်နှင့် လာမည့်စစ်ကြီးဟူ၍လည်း မဟုတ်။ ဂျပန်ပြည်နှင့် လာမည့်စစ်ကြီးဟူ၍လည်း မဆိုသာ။ အရှေ့တိုင်း (လူမည်း၊ လူဝါ)တို့နှင့် အနောက်တိုင်း (လူဖြူ)တို့၏ လာမည့်စစ်ကြီးဟူ၍ ဆိုဖွယ်ရာသာ ရှိလေတော့၏။ •

ရှေးအထက်ထက်က ဖြစ်ပွားခဲ့သမျှသော အခြားစစ်မက်တို့အား အနာဂတ်အဖို့၌ မလွဲမသွေ ဖြစ်ရလေအံ့သော စစ်ကြီးနှင့် နှိုင်းစာသော် ထိုထိုသော စစ်တို့သည် အလွန် လှိုင်းတံပိုးထကြွခက်ထန်ကြမ်းကြုတ်နေသော သမုဒ္ဒရာအတွင်း၌ မြင်တွေ့ရသည့် ရေပွက်တစ်ပွက် ပမာမျှသာ ဖြစ်ချေ၏။ တစ်နည်းလည်း သဟာသရောင်ခြည်တစ်ထောင်ဖြင့် ပြောင်ပြောင်ဝင်းထိန် အာဏာနှိမ်လျက်ပြင်းရှိန်အန္တ–ဘုန်းစွမ်းပြသည့် နေမင်း၏အရောင်တွင် ပမာမထင်အရာမဝင်သော ပိုးစုန်းကြူး၏ အလင်းရောင်တမျှသာ ရှိကြချေ၏။

• အနာဂတ်အဖို့၌ ဖြစ်ပွားလတ္တံ့သောစစ်သည် လူမျိုးအလိုက် တိုက်ခိုက်ရသော (လူမျိုးအတွက်) စစ်ကြီးဖြစ်လတ္တံ့။ အမျိုးချင်း မတူသူတို့သည် ယခုအခါ၌ မည်မျှပင် မဟာမိတ်ဖွဲ့စည်းထားရှိကြစေကာမူ ထိုမဟာမိတ်များမှာ ကြာရှည် တည်မြဲလိမ့်မည်မဟုတ်။ လာမည့်စစ်မှာ မတူသည့် လူမျိုးအချင်းချင်း၏ တိုက်ပွဲဖြစ်လိမ့်မည်ဟူ၍ ပြီးခဲ့သည့် စစ်ကြီးထက်ပင် ကြောက်မက်ဖွယ်ကောင်းလိမ့်မည်ဟူ၍ ဂျာမန်သမားတော်ကြီး ဒေါက်တာဂျေပေါလ်ဆင်က ၁၉၃၇ ခုနှစ် ဒီဇင်ဘာလထုတ် ဂျာမနီပြည် ခေတ်သစ်ထူထောင်ရေးခေါ် မဂ္ဂဇင်းတွင် ရေးသား ဖော်ပြခြင်းပြုလေပြီ။

mgyoe.com